http://www.dhammadownload.com

မိဘနှစ်ပါးကို ရည်စူး၍
ဒေါက်တာ ဒေါ်နွဲ့တင်ထွန်း
၏
ဓမ္မဒါန အလှူ

သာမဏေကျော်စာပေ

ပိဋကတော်လာ ဘုရားရှိခိုးများ နှင့် အခက်အခွက် လက်နက်ကောင်း
သာမဏေကျော်

# ပိဋကတော်လာ ဘုရားရှိခိုးများ
# နှင့်
# အခက်အခွက် လက်နက်ကောင်း

သာမဏေကျော်

ဒုတိယအကြိမ်

သာမဏေကျော်စာပေ

http://www.dhammadownload.com

# ပိဋကတော်လာ ဘုရားရှိခိုးများ

# နှင့်

# အခက်အတွက် လက်နက်ကောင်း

## သာမဏေကျော်

ဒုတိယအကြိမ်

သာမဏေကျော်စာပေ

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ● | ၆၀၀၈၆၁၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | ● | ၆၀၀၈၀၉၁၁၁၁ |
| အကြိမ် /အုပ်ရေ | ● | ဒုတိယအကြိမ် (၂၀၀၀ အုပ်) |
| တန်ဖိုး | ● | ၆၀၀ ကျပ် |
| ထုတ်ဝေသူ | ● | ဦးလှဝင်း ( ၁၃၈၂ )<br>သာမဏေကျော်စာပေ |
| မျက်နှာဖုံး နှင့်<br>အတွင်းပုံနှိပ် | ● | ဦးကျော်ညွန့် (၈၆၃၄ )<br>လမင်း ပုံနှိပ်တိုက်၊<br>အမှတ် - ၂၈၇ ၊လမ်း ၄၀ ၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | ● | ကိုဦး နှင့် ညီများ<br>(၀၉ - ၅၀၇၀၆၆၃) |
| စာအုပ်ချုပ် | ● | ကိုရဲထွန်း |

ဖြန့်ချိရေး

**သာမဏေကျော် စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်

(လှော်ကားဥယျာဉ်အနီး )

မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း - ၇၀၉၆၈၀

သာမဏေကျော် ၂၉၄.၃

ပိဋကတော်လာဘုရားရှိခိုးများ နှင့် အခက်အတွက်လက်နက်ကောင်း

/ သာမဏေကျော်၊ ရန်ကုန်၊

သာမဏေကျော်စာပေ၊ ၂၀၁၁၊

၁၁၇ - စာ၊ ၁၀.၅ X ၁၆.၅ စင်တီ၊

(၁)ပိဋကတော်လာဘုရားရှိခိုးများ နှင့် အခက်အတွက်လက်နက်ကောင်း

http://www.dhammadownload.com

# ပိဋကတော်လာ

# ဘုရားရှိခိုးများ

သာမဏေကျော်

http://www.dhammadownload.com

# မာတိကာ


၁။ ဗုဒ္ဓါနုဿတိအကျိုး ၁

၂။ သိကြားမင်းစသူတွေရဲ့ ဘုရားရှိခိုး ၃

၃။ ဘုရားရှင်အားလုံးအား ရှိခိုး ၅

၄။ ဘုရားခုနစ်ဆူအား ရှိခိုး ၅

၅။ သိကြားမင်းရဲ့ ဘုရားရှိခိုး ၆

၆။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ ဘုရားရှိခိုး ၇

၇။ နတ်မင်းကြီးလေးယောက်ရဲ့ သားတွေရဲ့ ဘုရားရှိခိုး ၉

၈။ ဥဒေါင်းမင်းရဲ့ ဘုရားရှိခိုး ၁၀

၉။ အရှင်ဝင်္ဂီသရဲ့ ဘုရားရှိခိုး ၁၁

၁၀။ အရှင်ဝင်္ဂီသရဲ့ ဘုရားရှိခိုး ၁၂

၁၁။ အရှင်သမ္ဘာဒကထေရ်ရဲ့ ဘုရားရှိခိုး ၁၃

၁၂။ ယသောဓရာထေရီရဲ့ ဘုရားရှိခိုး ၁၄

၁၃။ ခေမာထေရီရဲ့ ဘုရားရှိခိုး ၁၄

၁၄။ ဥပ္ပလဝဏ်ထေရီရဲ့ ဘုရားရှိခိုး ၁၅

http://www.dhammadownload.com

၁၅။ အာဠဝကဘီလူးရဲ့ ဘုရားရှိခိုး ၁၇
၁၆။ လနတ်သား နေနတ်သားတို့ရဲ့ဘုရားရှိခိုး ၁၇
၁၇။ ထင်းခွေသမားရဲ့သား ဘုရားရှိခိုး ၁၈
၁၈။ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး ၁၈
၁၉။ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး ၂၀
၂၀။ အရှင်သာရိပုတ္တရာရဲ့ ဘုရားရှိခိုး ၂၁
၂၁။ အရှင်ဉာဏာဘိဝံသရဲ့ ဘုရားရှိခိုး ၂၂
၂၂။ အရှင်သာရိပုတ္တရာရဲ့ ဘုရားရှိခိုး ၂၃
၂၃။ အရှင်ဓမ္မပါလရဲ့ ဘုရားရှိခိုး ၂၄
၂၄။ အရှင်ဓမ္မပါလရဲ့ ဘုရားရှိခိုး ၂၅
၂၅။ အရှင်ဓမ္မပါလရဲ့ ဘုရားရှိခိုး ၂၆
၂၆။ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး ၂၆
၂၇။ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရာရှိခိုး ၂၇
၂၈။ အရှင်သုမင်္ဂလသာမိရဲ့ ဘုရားရှိခိုး ၂၈
၂၉။ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး ၂၉

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၀။ | အရှင်စောဠိယကဿပရဲ့ ဘုရားရှိခိုး | ၁၀ |
| ၁၀။ | ရွှေမထေရ်တစ်ပါးရဲ့ ဘုရားရှိခိုး | ၁၁ |
| ၁၁။ | အရှင်မဟာနာမထေရ်ရဲ့ ဘုရားရှိခိုး | ၁၁ |
| ၁၂။ | အရှင်ဗုဒ္ဓဒတ္တရဲ့ ဘုရားရှိခိုး | ၁၃ |
| ၁၃။ | အရှင်ဥပသေနရဲ့ ဘုရားရှိခိုး | ၁၄ |
| ၁၄။ | အရှင်ဗုဒ္ဓနာဂရဲ့ ဘုရားရှိခိုး | ၁၆ |
| ၁၅။ | သိကြားမင်းရဲ့ ဘုရားရှိခိုး | ၁၆ |
| ၁၆။ | နတ်စစ်သူကြီးနှစ်ဦးရဲ့ ဘုရားရှိခိုး | ၁၇ |
| ၁၇။ | ပိင်္ဂိယပုဏ္ဏားရဲ့ ဘုရားရှိခိုး | ၁၈ |
| ၁၈။ | အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး | ၁၉ |
| ၁၉။ | အရှင်ဒေဝဒတ်ရဲ့ ဘုရားရှိခိုး | ၄၂ |


မာတိကာ ပြီးပါပြီ။

* * * *

http://www.dhammadownload.com



# ဗုဒ္ဓါနုဿတိအကျိုး

ဘာဝနာထဲမှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓါနုဿတိ (ဘုရားဂုဏ်တွေကို အဖန်ဖန် အောက်မေ့မှု)ကို ပွားများပါ၊ အဲဒီသတိကို ပွားများရင် သင်ဟာ စိတ်အလိုကို ပြည့်စေပါလိမ့်မယ်။

သင်ဟာ နတ်ပြည်မှာ အနှစ်သုံးသောင်း ပျော်ရလိမ့်မယ်။

သိကြားမင်းအဖြစ်နဲ့ အကြိမ် (၈၀) ဖြစ်ကာ နတ်ပြည်ကို အုပ်ချုပ်ရလိမ့်မယ်။

တိုင်းနိုင်ငံမှာ စကြာဝတေးမင်းအဖြစ် အကြိမ်ပေါင်း ( ၁၀၀) ဖြစ်လိမ့်မယ်။

ကြီးကျယ်ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအဖြစ်က ဂဏန်း မရေတွက်နိုင်အောင် ရှိလိမ့်မယ်။

http://www.dhammadownload.com



အဲဒီဗုဒ္ဓါနုဿတိရဲ့ အကျိုးအားလုံးကို သင် ခံစားရလိမ့်မယ်။

ဘဝကြီးငယ်တွေမှာ ကျင်လည်တဲ့အခါ စည်းစိမ်ဥစ္စာများစွာကို ရလိမ့်မယ်။

စည်းစိမ်ဥစ္စာမှာ ယုတ်လျော့တာ မရှိ၊ အဲဒါဟာ ဗုဒ္ဓါနုဿတိရဲ့ အကျိုးပဲ။ (အပဒါနပါဠိ၊ ပ၊ ၇၆-၇)

* ဗုဒ္ဓါနုဿတိကို ပွားများအားထုတ်ရင် -

ဘုရားရှင်အပေါ်မှာ ရိုသေလာတယ်၊ အားထားလာတယ်။

သဒ္ဓါ, သတိ, ပညာ, ကောင်းမှုတွေ စည်ပင်ပြန့်ပြောလာတယ်။

ကျေနပ်နှစ်သိမ့်မှု အကြီး အသေးတွေ များလာတယ်။

ကြောက်စရာ ဘေးရန်တွေကို သည်းခံနိုင်တယ်၊ ဆင်းရဲကို သည်းခံနိုင်တယ်။

ဘုရားရှင်နဲ့အတူ နေရတယ်လို့ ထင်မှတ်တယ်။

http://www.dhammadownload.com



ဗုဒ္ဓါနုဿတိရဲ့ တည်မှီရာ ခန္ဓာကိုယ်ဟာ စေတီအိမ်လို ပူဇော်ထိုက်တယ်။

ဘုရားရှင်ဖြစ်ချင်စိတ် ပေါ်လာတယ်။

မကောင်းမှု ပြုလုပ်စရာ အခြေအနေ တွေ့လာရင် မျက်မှောက်မှာ ဘုရားရှင်ကို ဖူးတွေ့ရသူမှာလို အရှက် အကြောက် တည်ရှိတယ်။

တရားထူးကို မရတောင် ဘဝကောင်းကို ရောက်ရတယ်။ (ဝိသုဒ္ဓိမဂ်၊ ၌၊ ပ၊ ၂၀၆)

* * * *

## သိကြားမင်း စသူတွေရဲ့ ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

စိတ်အညစ်အကြေးတို့မှ ဝါသနာနဲ့တကွ ဝေးကွာတော်မူတဲ့ မြတ်စွာဘုရား။

http://www.dhammadownload.com



သိစရာမှန်သမျှ တရားအလုံးစုံကို ကိုယ်တော်တိုင် အမှန်အတိုင် သိတော်မူတဲ့ မြတ်စွာဘုရား။

အဲဒီမြတ်စွာဘုရားအား ရှိခိုးပါ၏။

(သုတ်မဟာဝါပါဠိ၊ ၂၃၀)

(သိကြားမင်းသာမက ဖုသမြတ်စွာဘုရားရဲ့ ခမည်းတော် မဟိန္ဒမင်း၊ ကောသလမင်း၊ အာရာမဒဏ္ဍပုဏ္ဏား၊ ကာရဏပါလီပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏား၊ ပြဟ္မာယုပုဏ္ဏား၊ ဓနဉ္ဇာနီပုဏ္ဏေးမတို့လည်း ဒီဘုရား ရှိခိုးနဲ့ပဲ သုံးကြိမ်စီ ရှိခိုးကြတယ်။)

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၆၄။ မဇ္ဈိမပဏ်ပါဠိ၊ ၃၁၄။ အံ၊ ပ၊ ၆၈။ အံ၊ ဒု၊ ၂၀၈။ မူလပဏ်ပါဠိ၊ ၂၃၅။ မဇ္ဈိမပဏ်၊ ၃၄၁။ သံယုတ်၊ ပ၊ ၁၆၂)

* * * *

http://www.dhammadownload.com



# ဘုရားရှင်အားလုံးအား ရှိခိုး

သောဟံ နမေ ဘဂဝတော။

ထိုငါသည် ဘုရားရှင်အားလုံးအား ရှိခိုးမှုကို ပြုပါ၏။

(စူဠဝါပါဠိ၊ ၂၄၅။ အံ၊ ပ၊ ၃၈၄။ ခန္ဓသုတ်ပရိတ်၊ ဇာတ်၊ ၄၊ ဒု၊ ၁၃၅)

* * * *

# ဘုရား ခုနစ်ဆူအား ရှိခိုး

နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရားခုနစ်ဆူတို့အား ရှိခိုးမှုကို ပြုပါ၏။ (ခန္ဓသုတ်ပရိတ်)

* * * *

http://www.dhammadownload.com



# သိကြားမင်းရဲ့ ဘုရားရှိခိုး

တဏှာသလ္လဿ ဟန္တာရံ၊ ဗုဒ္ဓံ အပ္ပဋိပုဂ္ဂလံ။
အဟံ ဝန္ဒေ မဟာဝီရံ၊ ဗုဒ္ဓမာဒိစ္စဗန္ဓုနံ။

(သုတ်မဟာဝါပါဠိ၊ ၂၂၉)

တဏှာဆူးငြောင့်ကို နုတ်ပယ်တော်မူပြီးတဲ့ မြတ်စွာဘုရား။

တရားအားလုံးကို သိတော်မူတဲ့ မြတ်စွာဘုရား။

တန်းတူပုဂ္ဂိုလ် ရှိတော်မမူတဲ့ မြတ်စွာဘုရား။

လုံ့လကြီးတော်မူတဲ့ မြတ်စွာဘုရား။

ဂေါတမနွယ်ချင်းတူတဲ့ နေမင်းဆိုတဲ့ မိတ်ဆွေ ရှိတော်မူတဲ့ မြတ်စွာဘုရား။

အဲဒီမြတ်စွာဘုရားအား ငါသိကြားမင်းဟာ ရှိခိုးပါ၏။

* * * *

http://www.dhammadownload.com



# ဝေဿဝဏ်နတ်မင်းကြီးရဲ့ ဘုရားရှိခိုး

၁။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။

သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

(ပါထိကပါဠိ၊ ၁၆၇)

မျက်စိငါးမျိုးရှိပြီး ကျက်သရေရှိတော်မူတဲ့ ဝိပဿီဘုရားအား ရှိခိုးပါ၏။

သတ္တဝါအားလုံးကို သနားတော်မူတဲ့ သိခီဘုရားရှင်အား ရှိခိုးပါ၏။

၂။ ဝေဿဘုဿ စ နမတ္ထု၊

နှာတကဿ တပဿိနော။

နမတ္ထု ကကုသန္ဓဿ၊

မာရသေနာပမဒ္ဒိနော။ (ပါထိကပါဠိ၊ ၁၆၇)

ကိလေသာအညစ်အကြေးတွေကို ဆေးကြောပြီး အကျင့်မြတ်ရှိတဲ့ ဝေဿဘူဘုရားရှင်အား ရှိခိုးပါ၏။

မာရ်စစ်တပ်ကို ချေဖျက်တော်မူပြီးတဲ့ ကကုသန္ဓဘုရားရှင်အား ရှိခိုးပါ၏။

http://www.dhammadownload.com



၃။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

အကျင့်မြတ်ကို ကျင့်ကာ ကိလေသာတွေကို မျှော ပြီးတဲ့ ကောဏာဂမန ဘုရားရှင်အား ရှိခိုးပါ၏။

အာရုံအားလုံးမှာ ကိလေသာမှ လွတ်ပြီးတဲ့ ကဿပ ဘုရားရှင်အား ရှိခိုးပါ၏။

၄။ အင်္ဂီရသဿ နမတ္ထု၊
သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေတိ၊
သဗ္ဗဒုက္ခာပနူဒနံ။

ကိုယ်ခန္ဓာအင်္ဂါနဲ့ ဉာဏ်အင်္ဂါမှ အရောင်တွေ ထွက်တော်မူတဲ့ ဂေါတမ မြတ်စွာဘုရား၊

သာကီဝင်မင်းသား သုဒ္ဓေါဒနရဲ့ သားဖြစ်တော် မူတဲ့ မြတ်စွာဘုရား၊

ကျက်သရေရှိတော်မူတဲ့ မြတ်စွာဘုရား၊

http://www.dhammadownload.com



ဆင်းရဲကို ပယ်နုတ်ပေးတဲ့ တရားကို ဟောတော်မူတဲ့ မြတ်စွာဘုရား၊

အဲဒီဂေါတမ မြတ်စွာဘုရားအား ရှိခိုးပါ၏။

* * * *

# နတ်မင်းကြီးလေးယောက်ရဲ့ သားတွေရဲ့ ဘုရားရှိခိုး

နမော တေ ပုရိသာဇည၊

နမော တေ ပုရိသုတ္တမ။ (ပါထိကပါဠိ၊ ၁၆၈)

ယောကျ်ားအာဇာနည်ဖြစ်တဲ့ ဂေါတမ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

ယောကျ်ားမြတ်ဖြစ်တဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

(အရှေ့အရပ်မှာ ဓတရဋ္ဌနတ်မင်းကြီး၊ တောင်အရပ်မှာ ဝိရူဠှကနတ်မင်းကြီး၊ အနောက်အရပ်မှာ ဝိရူပက္ခနတ်မင်းကြီး၊ မြောက်အရပ်မှာ ကုဝေရ (ဝေဿဝဏ် နတ်မင်းကြီး)တို့ စောင့်ရှောက်ကြပါတယ်။)

http://www.dhammadownload.com



(သဘိယပရိဗိုဇ်၊ အရှင်သုမင်္ဂလမထေရ်၊ အရှင်ဘဒ္ဒါလိမထေရ်တို့လည်း ဒီဘုရားရှိခိုးနဲ့ ရှိခိုးပါတယ်။)

* * * *

## ဥဒေါင်းမင်းရဲ့ ဘုရားရှိခိုး

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

(ဇာတ်ပါဠိ၊ ပ၊ ၃၈)

ကိလေသာအားလုံးကို မျှောပြီး တရားအားလုံးကို ဉာဏ်ထဲမှာ ထင်ရှားအောင် ပြုလုပ်ပြီးကြတဲ့ ဘုရားရှင်တွေဟာ ငါ့ရဲ့ ရှိခိုးမှုကို ခံယူတော်မူကြပါ၊ အဲဒီဘုရားရှင်တွေက ငါ့ကို စောင့်ရှောက်တော်မူကြပါ။

ဘုရားရှင်အားလုံးအား ငါ ရှိခိုးပါ၏။

မဂ်ဉာဏ် လေးပါး၊ ဖိုလ်ဉာဏ်လေးပါးအား ရှိခိုးပါ၏။

http://www.dhammadownload.com



ကိလေသာလွတ်ကင်းပြီး ဘုရားရှင်တွေအား ရှိခိုးပါ၏။

ကိလေသာမှ လွတ်ကင်းတဲ့ တရားအား ရှိခိုးပါ၏။

(ဥဒေါင်းမင်းက ဘုရားအလောင်းတော် ဖြစ်ပါတယ်။)

* * * *

## အရှင်ဝင်္ဂီသရဲ့ ဘုရားရှိခိုး

နမော တေ ဝါဒိမဒ္ဒန၊
နမော တေ ပုရိသုတ္တမ၊
နမော တေ သဗ္ဗလောကဂ္ဂ၊
နမော တေ အဘယံ ကရ။

ဝါဒများပုဂ္ဂိုလ်တွေကို နှိမ်နင်းတော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

ယောကျ်ားမြတ်ဖြစ်တော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

http://www.dhammadownload.com



လောကအားလုံးမှာ အမြတ်ဆုံးဖြစ်တော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

ဘေးရန်မရှိအောင် ပြုတော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

(အရှင်ဝင်္ဂီသဟာ ပဋိဘာန်ဉာဏ် = အလျင်အမြန် သိတဲ့ ဉာဏ်ရှိတဲ့ ရဟန်းတွေမှာ အသာဆုံး ဖြစ်ပါတယ်)

(အပဒါနပါဠိ၊ ဒု၊ ၁၅၁)

* * * *

## အရှင်ဝင်္ဂီသရဲ့ ဘုရားရှိခိုး

နမော တေ မာရမထန၊

နမော တေ ဒိဋ္ဌိသူဒန။

နမော တေ သန္တိသုခဒ၊

နမော တေ သရဏံ ကရ။

မာရ်ငါးပါးကို နှိမ်နင်းတော်မူတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားအား ရှိခိုးပါ၏။

http://www.dhammadownload.com



အယူမှားတွေကို ပယ်နုတ်တော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

ငြိမ်းအေးတဲ့ ချမ်းသာ (နိဗ္ဗာန်)ကို ပေးတော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။

အားကိုးရာကို ပြုတော်မူတဲ့ မြတ်စွာဘုရား ... မြတ်စွာဘုရားအား ရှိခိုးပါ၏။ (အပဒါနပါဠိ၊ ဒု၊ ၁၅၂)

* * * *

## အရှင်သမ္ဘာဒကထေရ်ရဲ့ ဘုရားရှိခိုး

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
ဗျသနမှိ အနုပ္ပတ္တော၊ တဿ မေ သရဏံ ဘဝ။

ရဲရင့်တော်မူတဲ့ မြတ်စွာဘုရား...၊ မြတ်စွာဘုရားအား ရှိခိုးပါ၏။ မြတ်စွာဘုရားဟာ ခန္ဓာ အာယတန စတဲ့ တရားအားလုံးမှာ ကိလေသာမှ လွတ်နေပါတယ်။ တပည့်တော်ဟာ အပျက်အစီးထဲ ရောက်နေပါတယ်။ မြတ်စွာဘုရားဟာ တပည့်တော်ရဲ့ အားကိုးရာ ဖြစ်တော်မူပါ။ (အပဒါနပါဠိ၊ ပ၊ ၂၈၄)

http://www.dhammadownload.com



## ယသောဓရာထေရီရဲ့ ဘုရားရှိခိုး

ယသောဓရာ အဟံ ဝီရ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။

(အပဒါနပါဠိ၊ ၃၊ ၂၆၆)

ရဲရင့်တော်မူတဲ့ မြတ်စွာဘုရား၊ မျက်စိငါးပါး ရှိတော်မူတဲ့ မြတ်စွာဘုရား၊ တပည့်တော်က ယသော်ဓရာ ပါဘုရား၊ အရှင်ဘုရားရဲ့ ခြေတော်တွေကို တပည့်တော် ရှိခိုးပါ၏။

(ဘုရားရှင်ရဲ့ ကြင်ယာတော်ဖြစ်ခဲ့တဲ့ ယသောဓရာဟာ တစ်သချေၤနဲ့ ကမ္ဘာတစ်သိန်းကို ပြန်လည်အောက်မေ့နိုင်ပါတယ်။)

* * * *

## ခေမာထေရီရဲ့ ဘုရားရှိခိုး

နမော တေ သဗ္ဗဒဿာဝိ၊

နမော တေ ကရုဏာကရ။

နမော တေ တိဏ္ဏသံသာရ၊

နမော တေ အမတံ ဒဒ။ (အပဒါနပါဠိ၊၃၊ ၂၂၇)

http://www.dhammadownload.com



တရားအလုံးစုံကို သိမြင်တော်မူတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားအား ရှိခိုးပါ၏။ သနားကြင်နာမှု ကရုဏာရဲ့ တည်ရာဖြစ်တော်မူတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားအား ရှိခိုးပါ၏။ သံသရာကို ကူးမြောက်တော်မူပြီးတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားအား ရှိခိုးပါ၏။ သေခြင်းကင်းရာ နိဗ္ဗာန်ကို ပေးတော်မူတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားအား ရှိခိုးပါ၏။

(ခေမာထေရီဟာ ပညာအရာမှာ အသာဆုံး ရဟန်းမအဖြစ် ဘုရားရှင်ရဲ့ သတ်မှတ်မှုခံရသူ ဖြစ်ပါတယ်၊ ဗိမ္ဗိသာရမင်းရဲ့ မိဖုရားလည်း ဖြစ်ခဲ့ပါတယ်။)

* * * *

# ဥပ္ပလဝဏ်ထေရီရဲ့ ဘုရားရှိခိုး

ဥပ္ပလဿေဝ မေ ဝဏ္ဏော၊ နာမေနုပ္ပလနာမိကာ။

သာဝိကာ တေ မဟာဝီရ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။

(အပဒါနပါဠိ၊ ၃၊ ၂၃၀)

http://www.dhammadownload.com



တပည့်တော်မရဲ့ ခန္ဓာကိုယ်အဆင်းက ကြာညို ပန်းအဆင်းလိုပါပဲ ဘုရား၊ တပည့်တော်မရဲ့ နာမည်က ဥပ္ပလဝဏ် ဖြစ်ပါတယ်။ လုံ့လကြီးမားတဲ့ မြတ်စွာ ဘုရား၊ တပည့်တော်မဟာ မြတ်စွာဘုရားရဲ့တပည့်ပါ၊ မျက်စိငါးပါးရှိတော်မူတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ ခြေတော်တွေကို ရှိခိုးပါ၏။

(ဥပ္ပလဝဏ်ထေရီဟာ တန်ခိုးအရာမှာ အသာဆုံး ရဟန်းမအဖြစ် ဘုရားရှင်ရဲ့ သတ်မှတ်မှုခံရသူ ဖြစ်ပါ တယ်။)

**မျက်စိငါးမျိုး**

၁။ ဗုဒ္ဓစက္ခု =သတ္တဝါတွေရဲ့ ဣန္ဒြေ၊ အာသယ, အနုသယတွေကို သိတဲ့ဉာဏ်၊

၂။ ဓမ္မစက္ခု = အောက်မဂ်သုံးပါး၊အောက်ဖိုလ်သုံးပါး၊

၃။ သမန္တစက္ခု = အကုန်သိတဲ့ သဗ္ဗညုတဉာဏ်၊

၄။ ဒိဗ္ဗစက္ခု =နတ်မျက်စိလို မြင်တဲ့ဉာဏ်၊

၅။ ပညာစက္ခု = သစ္စာလေးပါးကို သိတဲ့ဉာဏ်။

http://www.dhammadownload.com



## အာဠဝကဘီလူးရဲ့ ဘုရားရှိခိုး

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။
(သုတ္တနိပါတပါဠိ၊ ၃၀၇)

ထိုတပည့်တော် (အာဠဝကဘီလူး)ဟာ နတ်ရွာတစ်ရွာမှ အခြားနတ်ရွာတစ်ရွာသို့၊ နတ်မြို့တစ်မြို့မှ အခြားနတ်မြို့တစ်မြို့သို့ ဘုရားကို ရှိခိုးရင်း တရားကို ကြွေးကြော်ကာ လှည့်လည်ပါမယ်။

(အရှင်ဥပါလိမထေရ်လည်း ဒီဘုရားရှိခိုးနဲ့ပဲ ရှိခိုးပါတယ်။) (အပဒါနပါဠိ၊ ပ၊ ၅၂)

* * * *

## လနတ်သား နေနတ်သားတို့ရဲ့ ဘုရားရှိခိုး

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။
(သံယုတ်ပါဠိ၊ ပ၊ ၄၈)

http://www.dhammadownload.com



ရဲရင့်တော်မူတဲ့ မြတ်စွာဘုရား၊ မြတ်စွာဘုရားအား တပည့်တော် (နေနတ်သား၊ လနတ်သား) ရှိခိုးပါ၏။ မြတ်စွာဘုရားဟာ ခန္ဓာ အာယတန စတဲ့ တရားအားလုံးမှာ ကိလေသာမှ လွတ်နေပါတယ်။

တပည့်တော် (နေနတ်သား၊ လနတ်သား) ဟာ ရာဟု အသုရိန်ရဲ့ ဖမ်းဆီးခံရခြင်း အကျပ်အတည်းကို ရောက်နေပါတယ်၊ မြတ်စွာဘုရားဟာ တပည့်တော်ရဲ့ ကိုးကွယ်ရာ ဖြစ်တော်မူပါ။

* * * *

## ထင်းခွေသမားရဲ့သား ဘုရားရှိခိုး

နမော ဗုဒ္ဓဿ။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၂၈၄)

မြတ်စွာဘုရားအား ရှိခိုးပါ၏။

* * * *

http://www.dhammadownload.com



# အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး

ကရုဏာသီတလဟဒယံ၊

ပညာပဇ္ဇောတဝိဟတမောဟတမံ။

သနရာမရလောကဂရုံ၊

ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ (သီလက္ခန်၊ ၄ စသည်)

မဟာကရုဏာကြောင့် အေးမြတဲ့ စိတ်နှလုံးရှိတော်မူတဲ့ မြတ်စွာဘုရား၊

ပညာအရောင်နဲ့ မောဟအမှောင်ကို အထူးပယ်ပြီးတဲ့ မြတ်စွာဘုရား၊

လူ၊ နတ်၊ ပြဟ္မာနဲ့တကွ သတ္တလောကရဲ့ အလေးပြုခံရတဲ့ မြတ်စွာဘုရား၊

တင့်တယ်သာညင်း ကိုယ်တော်ရဲ့ ကြွခြင်း၊ ဉာဏ်တော်ရဲ့ ဖြစ်ခြင်းရှိတော်မူတဲ့ မြတ်စွာဘုရား၊

လူ, နတ်, ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဆိုတဲ့ ဂတိငါးပါးမှ အထူးလွတ်တော်မူပြီးတဲ့ မြတ်စွာဘုရား။

အဲဒီမြတ်စွာဘုရားကို တပည့်တော် (ဗုဒ္ဓဃောသ) ဟာ ရှိခိုးပါ၏။

http://www.dhammadownload.com



(အရှင်မဟာဗုဒ္ဓဃောသဟာ အဋ္ဌကထာကျမ်း ပေါင်းများစွာကို ရေးသားတဲ့ ပုဂ္ဂိုလ်ကျော် ဖြစ်ပါတယ်)

* * * *

## အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး

ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံ ဂတော လောကဟိတာယ နာထော၊
နမော မဟာကာရုဏိကဿ တဿ။

(ပါရာဇိကဏ်၊ ၄၊ )

ကြီးကျယ်မြင့်မြတ်တဲ့ ကရုဏာရှိတဲ့ ဘုရားရှင်ဟာ ကမ္ဘာကုဋေတွေနဲ့တောင် မရေတွက်နိုင်တဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး သတ္တဝါလောကရဲ့ စီးပွားအလို့ငှာ အလွန်ပြုနိုင်ခဲတဲ့ ကောင်းမှုတွေကို ပြုတော်မူရလို့ ခန္ဓာကိုယ် ပင်ပန်းတော်မူခဲ့ရပါတယ်။ အဲဒီ မဟာကရုဏာရှင် မြတ်စွာဘုရားအား ငါ ရှိခိုးပါ၏။

* * * *

http://www.dhammadownload.com



# အရှင်သာရိပုတ္တရာရဲ့ ဘုရားရှိခိုး

မဟာကာရုဏိကံ ဗုဒ္ဓံ၊ ဓမ္မဉ္စ ဝိမလံ ဝရံ။
ဝန္ဒေ အရိယသံဃဉ္စ၊ ဒက္ခိဏေယျံ နိရင်္ဂဏံ။
(သာရတ္ထ၊ ဋီ၊ )

မဟာကရုဏာရှင် မြတ်စွာဘုရား၊ ကိလေသာ အညစ်အကြေး ကင်းပြီး မြင့်မြတ်တဲ့ တရားတော်၊ မြတ်တဲ့အလှူကို ခံယူထိုက်ပြီး ကိလေသာမရှိတဲ့ အရိယသံဃာ ဒီရတနာမြတ်သုံးပါးကို ငါဟာ ရှိခိုးပါ၏။

(ဒီအရှင်သာရိပုတ္တရာက ပညာအရာ အသာဆုံး လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မဟုတ်ပါ။ သီဟိုဠ် (သီရိလင်္ကာ)ကျွန်းက ဖြစ်ပါတယ်။ သာရတ္ထဋီကာ ကျမ်း၊ အင်္ဂုတ္တရဋီကာ စတဲ့ ဋီကာတွေကို ရေးသားခဲ့တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။)

* * * *

http://www.dhammadownload.com



# အရှင်ဥာဏာဘိဝံသရဲ့ ဘုရားရှိခိုး

ယော ဒေသေတွာန သဒ္ဓမ္မံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ ဝရံ။
ဒီဃဒဿီ စိရံ ကာလံ၊ ပတိဋ္ဌာပေသိ သာသနံ။
(သီလက္ခန်၊ ဋီ၊ သစ်)

သုတ်တော်ကောင်းတရားဟာ နက်နဲတယ်၊ မြင်နိုင်ခဲတယ်၊ မြင့်မြတ်တယ်၊ အရှည်ကို မြော်မြင်တဲ့ ဘုရားရှင်ဟာ သုတ်တော်ကောင်းတရားကို ဟောပြီး သာသနာတော်ကို အချိန်ကြာမြင့်စွာ တည်စေတော်မူပါတယ်။

ဝိနေယျာသယေ ဆေကံ၊ မဟာမတိံ မဟာဒယံ။
နတွာန တံ သသဒ္ဓမ္မ-ဂဏံ ဂါရဝဘာဇနံ။
(သီလက္ခန်၊ ဋီသစ်)

ဘုရားရှင်ဟာ ကျွတ်ထိုက်တဲ့ သတ္တဝါတွေရဲ့ အလိုဆန္ဒမှာ ကျွမ်းကျင်တော်မူတယ်၊ ဉာဏ်ကြီးတော်မူတယ်၊ ကရုဏာကြီးတော်မူတယ်၊ ရိုသေမှုရဲ့ တည်ရာဖြစ်တဲ့ ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှိခိုးပါ၏။

http://www.dhammadownload.com



(အရှင်ဉာဏာဘိဝံသဟာ မြန်မာနိုင်ငံ အမရပူရ မြို့က ဖြစ်ပါတယ်။ သီလက္ခန္ဓကာသစ်ကျမ်းပြုပုဂ္ဂိုလ် ဖြစ်ပါတယ်။)

* * * *

## အရှင်သာရိပုတ္တရာရဲ့ ဘုရားရှိခိုး

အနန္တဉာဏံ ကရုဏာနိကေတံ၊
နမာမိ နာထံ ဇိတပဉ္စမာရံ။
ဓမ္မံ ဝိသုဒ္ဓံ ဘဝနာသဟေတုံ၊
သံဃဉ္စ သေဋ္ဌံ ဟတသဗ္ဗပါပံ။ (အံ၊ ဋီ)

ဘုရားရှင်ဟာ အဆုံးအပိုင်းအခြားမရှိတဲ့ ဉာဏ်ပိုင်ရှင် ဖြစ်ပါတယ်။ ကရုဏာရဲ့ တည်ရာပုဂ္ဂိုလ် ဖြစ်ပါတယ်။ မာရ်ငါးပါးကို အောင်မြင်ပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တရားဟာ အထူးစင်ကြယ်ပါတယ်။ ဘဝကို ဖျက်ဆီးဖို့ အကြောင်း ဖြစ်ပါတယ်။ အရိယသံဃာဟာ မြင့်မြတ်ပါတယ်။ မကောင်းမှုအားလုံးကို ပယ်သတ်ပြီး ပါပြီ။ အဲဒီ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ငါ ရှိခိုးပါ၏။

http://www.dhammadownload.com



(ဒီအရှင်သာရိပုတ္တရာဟာ ဒီအင်္ဂုတ္တရဋ္ဌကာကျမ်း ပြု ပုဂ္ဂိုလ်ပါပဲ။)

* * * *

## အရှင်ဓမ္မပါလရဲ့ ဘုရားရှိခိုး

သဒ္ဓမ္မရံသိမာလီ ယော၊ ဝိနေယျ ကမလာကရေ။
ဝိဗောဓေသိ မဟာမောဟ-တမံ ဟန္တွာန သဗ္ဗသော။
(ဝိသုဒ္ဓိမဂ်၊ ဋီကာ)

ကျွတ်ထိုက်တဲ့ သတ္တဝါဆိုတဲ့ ကြာရှိရာ ကန်မှာ သူတော်ကောင်းတရား ရောင်ခြည်အစဉ်ရှိတဲ့ ဘုရားရှင် နေမင်းဟာ မောဟအမှောင်ကြီးကို အကြွင်းမဲ့ ပယ်သတ်ပြီး ကြာတွေကို ပွင့်လန်းစေပါတယ်။

ဉာဏာတိသယဗိမ္ဗံ တံ၊ ဝိသုဒ္ဓကရုဏာရုဏံ။
ဝန္ဒိတွာ နိရုပက္ကိလေသံ၊ ဗုဒ္ဓါဒိစ္စံ မဟောဒယံ။
(ဝိသုဒ္ဓိမဂ်၊ ဋီကာ)

ဘုရားရှင်ဆိုတဲ့ နေမင်းဟာ လွန်ကဲတဲ့ ဉာဏ်နေဝန်းရှိတယ်။ အထူးစင်ကြယ်တဲ့ ကရုဏာအရုဏ်ရောင်

http://www.dhammadownload.com



ရှိတယ်။ ကိလေသာအညစ်အကြေး ကင်းတယ်။ အကြီး အကျယ် တိုးပွားတယ်။ အဲဒီဘုရားရှင်ကို ရှိခိုးပါ၏။

(အရှင်ဓမ္မပါလ,ဟာ သီရိလင်္ကာက ဖြစ်ပါတယ်။ အဋ္ဌကထာ, ဋီကာ ကျမ်းပေါင်းများစွာကို ရေးသားခဲ့တဲ့ ပုဂ္ဂိုလ်ကျော် ဖြစ်ပါတယ်။)

* * * *

## အရှင်ဓမ္မပါလရဲ့ ဘုရားရှိခိုး

မဟာကာရုဏိကံ နာထံ၊ ဉေယျသာဂရပါရဂုံ။

ဝန္ဒေ နိပုဏဂမ္ဘီရ-ဝိစိတြနယဒေသနံ။ (ဥဒါန၊၄)

ဘုရားရှင်ဟာ ကရုဏာကြီးတော်မူပါတယ်။ သိ ဖွယ်တရားဆိုတဲ့ သမုဒ္ဒရာရဲ့ တစ်ဘက်ကမ်းကို ရောက် တော်မူပါတယ်။ သိမ်မွေ့နက်နဲ ဆန်းကြယ်တဲ့ နည်း တွေနဲ့ တရားဟောတော်မူပါတယ်။ အဲဒီဘုရားရှင်ကို ငါ ရှိခိုးပါ၏။

* * * *

http://www.dhammadownload.com



## အရှင်ဓမ္မပါလရဲ့ ဘုရားရှိခိုး

စရိယာ သဗ္ဗလောကဿ၊
ဟိတာ ယဿ မဟေသိနော။
အစိန္တေယျာနုဘာဝံ တံ၊
ဝန္ဒေ လောကဂ္ဂနာယကံ။ (စရိယာပိဋက၊ ဋ္ဌ)

ဘုရားရှင်ဟာ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားတွေကို ကျင့်တော်မူပါတယ်။ မကြံစည်နိုင်လောက်အောင်သော အစွမ်း ရှိတော်မူပါတယ်။ လောကမှာ အမြတ်ဆုံး ဦးဆောင်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီဘုရားရှင်ကို ငါ ရှိခိုးပါ၏။

* * * *

## အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန-ပူဇာသက္ကာရဘာဇနံ။
(ကင်္ခါ၊ ဋ္ဌ)

http://www.dhammadownload.com



ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်းတွေရဲ့ တည်ရာဖြစ်တော်မူတဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ငါဟာ အထူးကြည်ညိုတဲ့ စိတ်နဲ့ ရှိခိုးပါ၏။

* * * *

## အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး

မဟာမောဟတမောနဒ္ဓေ၊
လောကေ လောကန္တဒဿိနာ။
ယေန သဒ္ဓမ္မပဇ္ဇောတော၊
ဇာလိတော ဇလိတိဒ္ဓိနာ။ (ဓမ္မပဒ၊ ၄)

သင်္ခါရလောကရဲ့အဆုံး နိဗ္ဗာန်ကို မြင်တော်မူတဲ့ ဘုရားရှင်ဟာ မောဟအမိုက်တိုက်ကြီး မြှေးယှက်ထားတဲ့ လောကကြီးမှာ တောက်ပတဲ့ တန်ခိုးနဲ့ သူတော်ကောင်း တရားအလင်းရောင်ကို ထွန်းတောက်စေတော်မူပါတယ်။

http://www.dhammadownload.com



တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္စလိံ။
(ဓမ္မပဒ၊ ၄၅)

ကျက်သရေရှိတော်မူတဲ့ အဲဒီဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးပါတယ်။ အဲဒီဘုရားရှင်ရဲ့ သူတော်ကောင်းတရားကို ပူဇော်ပါတယ်၊ သံဃာအား လက်အုပ်ချီပါတယ်။

* * * *

## အရှင်သုမင်္ဂလသာမိရဲ့ ဘုရားရှိခိုး

ဝိသုဒ္ဓကရုဏာဉာဏံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
ဓမ္မံ သဒ္ဓမ္မသမ္ဘူတံ၊ နတွာ သံဃံ နိရင်္ဂဏံ။

အထူးစင်ကြယ်တဲ့ မဟာကရုဏာ၊ သဗ္ဗညုတဉာဏ် (အကုန်သိဉာဏ်) ရှိတော်မူတဲ့ ဘုရားရှင်၊ ဘုရားရှင်က ပူဇော်အပ်တဲ့ တရားတော်၊ သူတော်ကောင်းတရားကြောင့် ဖြစ်ပြီး ကိလေသာမရှိတဲ့ အရိယာသံဃာတော် ဆိုတဲ့ ရတနာသုံးပါးကို ငါ ရှိခိုးပါ၏။

http://www.dhammadownload.com



(ဋီကာကျော်ကျမ်းကို ရေးသားခဲ့တဲ့ ပုဂ္ဂိုလ်ဟာ အရှင်သုမင်္ဂလသာမိပါပဲ။)

* * * *

## အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး

ဇာတိကောဋိသဟဿေဟိ၊
ပမာဏရဟိတံ ဟိတံ။
လောကဿ လောကနာထေန၊
ကတံ ယေန မဟေသိနာ။ (ဇာတ်၊ ၄)

လောကရဲ့အားကိုးရာဖြစ်တဲ့ မြတ်စွာဘုရားဟာ ဘဝပေါင်း ကုဋေတစ်ထောင်နဲ့ လောကရဲ့ အစီးအပွား ကို အတိုင်းအတာ မရှိအောင် ဆောင်ရွက်တော်မူခဲ့ ပါတယ်။

တဿ ပါဒေ နမဿိတွာ၊
ကတွာ ဓမ္မဿ စဉ္စလိံ။
သံဃဉ္စ ပတိမာနေတွာ၊
သဗ္ဗသမ္ဘာနဘာဇနံ။ (ဇာတ်၊ ၄)

http://www.dhammadownload.com



အဲဒီဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးပါတယ်။ တရားတော်ကို လက်အုပ်ချီပါတယ်။ ရိုသေမြတ်နိုးမှု အားလုံးရဲ့တည်ရာဖြစ်တော်မူတဲ့ သံဃာတော်ကို မြတ်နိုးပါတယ်။

* * * *

## အရှင်စောဠိယကဿပရဲ့ ဘုရားရှိခိုး

ကရုဏာပုဏ္ဏဟဒယံ၊ သုဂတံ ဟိတဒါယကံ။
နတွာ ဓမ္မဉ္စ ဝိမလံ၊ သံဃဉ္စ ဂုဏသမ္ဘဒံ။

(ဝိမတိဝိနောဒနီဋီကာ)

ကရုဏာနဲ့ပြည့်တဲ့ စိတ်နှလုံးရှိပြီး အစီးအပွားကို ပေးတော်မူတဲ့ ဘုရားရှင်၊ ကိလေသာ အညစ်အကြေး ကင်းတဲ့ တရားတော်၊ သီလစတဲ့ ဂုဏ်နဲ့ ပြည့်စုံတဲ့ သံဃာတော်ကို ရှိခိုးပါ၏။

(ဒီအရှင်မြတ်ဟာ ဝိမတိဝိနောဒနီဋီကာကို ရေးခဲ့ပါတယ်။)

* * * *

http://www.dhammadownload.com



## ရှေးမထေရ်တစ်ပါးရဲ့ ဘုရားရှိခိုး

ဝန္ဒိတွာ သိရသာ သေဋ္ဌံ၊ ဗုဒ္ဓမပ္ပဋိပုဂ္ဂလံ။
ဥဗ္ဘျသာဂရမုတ္တိဏ္ဏံ၊ တိဏ္ဏံ သံသာရသာဂရံ။

(အပဒါန၊ ၄၅)

ဘုရားရှင်ဟာ အမြတ်ဆုံးပုဂ္ဂိုလ်၊ အတူမရှိပုဂ္ဂိုလ်၊ သိဖွယ်သမုဒ္ဒရာကို ကူးမြောက်ပြီးတဲ့ပုဂ္ဂိုလ်၊ သံသရာသမုဒ္ဒရာကို ကူးမြောက်ပြီးတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီဘုရားရှင်ကို ဦးတိုက်ရှိခိုးပါ၏။

(ဒီမထေရ်တစ်ပါးဟာ အပဒါနအဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ် ဖြစ်ပါတယ်။)

* * * *

## အရှင်မဟာနာမမထေရ်ရဲ့ ဘုရားရှိခိုး

ယော သဗ္ဗလောကာတိဂသဗ္ဗသောဘာ၊
ယုတ္တေဟိ သဗ္ဗေဟိ ဂုဏေဟိ ယုတ္တော။
ဒေါသေဟိ သဗ္ဗေဟိ သဝါသနေဟိ၊
မုတ္တော ဝိမုတ္တိံ ပရမဉ္စ ဒါတာ။ (ပဋိသမ္ဘိဒါမဂ်၊ ၄၅)

http://www.dhammadownload.com



ဘုရားရှင်ဟာ တစ်လောကလုံးကို ကျော်လွန်သွားတဲ့ ဂုဏ်အားလုံး ရှိတော်မူတယ်၊ တင့်တယ်မှုအားလုံးနဲ့ ယှဉ်တွဲတဲ့ ဂုဏ်အားလုံး ရှိတော်မူတယ်။ အပြစ်အားလုံးမှ ဝါသနာနဲ့တကွ လွတ်ကင်းတော်မူတယ်။ အမြတ်ဆုံး လွတ်မြောက်မှုကိုလည်း ပေးတော်မူတယ်။

နိစ္စံ ဒယာစန္ဒနသီတစိတ္တော၊
ပညာရဝိဇ္ဇောတိတသဗ္ဗနေယျော။
သဗ္ဗေသု ဘူတေသု တမဂ္ဂဘူတံ၊
ဘူတတ္ထနာထံ သိရသာ နမိတွာ။

(ပဋိသမ္ဘိဒါမဂ်၊ ၄၅)

ဘုရားရှင်ဟာ အမြဲ ကရုဏာစန္ဒကူးကြောင့် အေးမြတဲ့စိတ် ရှိတော်မူပါတယ်။ ကျွတ်ထိုက်တဲ့ သတ္တဝါအားလုံးကို ပညာနေရောင်နဲ့ အလင်းရောင် ပေးတော်မူပါတယ်။ သတ္တဝါအားလုံးထဲမှာ အမြတ်ဆုံး ဖြစ်တော်မူပါတယ်။ အမှန်ကို လိုလားသူတွေရဲ့ အားကိုးရာ

http://www.dhammadownload.com



ဖြစ်တော်မူပါတယ်။ အဲဒီဘုရားရှင်ကို ဦးခေါင်းညွတ်လျှိုး ရှိခိုးပါ၏။

(အရှင်မဟာနာမဟာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို ရေးခဲ့ပါတယ်။)

* * * *

## အရှင်ဗုဒ္ဓဒတ္တရဲ့ ဘုရားရှိခိုး

အနန္တဉာဏံ ကရုဏာလယံ လယံ၊
မလဿ ဗုဒ္ဓံ သုသမာဟိတံ ဟိတံ။
နမာမိ ဓမ္မံ ဘဝသံဝရံ ဝရံ၊
ဂုဏာကရဉ္စေဝ နိရင်္ဂဏံ ဂဏံ။ (ဗုဒ္ဓဝံသ၊ ၄)

ဘုရားရှင်ဟာ အဆုံးအပိုင်းအခြားမရှိတဲ့ ဉာဏ်ပိုင်ရှင် ဖြစ်ပါတယ်။ ကရုဏာရဲ့ တည်ရာပုဂ္ဂိုလ် ဖြစ်တော်မူပါတယ်။ ကိလေသာအညစ်အကြေးကို ပယ်ရှားတော်မူထားပါသည်။ ကောင်းစွာ တည်ကြည်တယ်။ အကျိုးစီးပွားကို ဆောင်တော်မူတယ်။ တရားတော်ဟာ

http://www.dhammadownload.com



ဘဝကို ပိတ်ဆို့တတ်တယ်။ မြင့်မြတ်တယ်။ အရိယာ သံဃာဟာ သီလစတဲ့ ဂုဏ်တွေရဲ့ တည်ရာဖြစ်တယ်။ ကိလေသာကင်းတယ်။ အဲဒီဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရှိခိုးပါ၏။

(အရှင်ဗုဒ္ဓဒတ္တဟာ ဗုဒ္ဓဝံသအဋ္ဌကထာကို ရေးခဲ့ပါတယ်။)

* * * *

## အရှင်ဥပသေနရဲ့ ဘုရားရှိခိုး။

အဝိဇ္ဇာလဂ္ဂိံ ယာတေန္တော၊
နန္ဒိရာဂဥ္စ မူလတော။
ဘာဝေန္တ'ဋ္ဌင်္ဂိကံ မဂ္ဂံ။
ဖုသိ ယော အမတံ ပဒံ။ (မဟာနိဒ္ဒေသ၊ ၄)

ဘုရားရှင်ဟာ အဝိဇ္ဇာမင်းတုပ်ကို ချိုးဖျက်ပြီးပြီ၊ သာယာတပ်မက်မှုကိုလည်း အမြစ်ပါ ပယ်နုတ်ပြီးပြီ၊ မဂ္ဂင်ရှစ်ပါးကို ပွားကာ မသေရာ နိဗ္ဗာန်ကို ရရှိပြီးပြီ။

http://www.dhammadownload.com



ပါပုဏ္ဏိတွာ ဖိနော ဟောမိ၊
မိဂဒါယံ ဝိဂါဟိယ။
ဓမ္မစက္ကံ ပဝတ္တေတွာ၊
ထေရံ ကောဏ္ဍညာ မာဒိတော။

ဘုရားရှင်ဟာ ဘုရားအဖြစ်ကို ရောက်ပြီး မိဂဒါဝုန်တောကို ကြွကာ ကောဏ္ဍညထေရ်ကို အဦးပြုပြီး ဓမ္မစကြာတရားတော်ကို ဟောတော်မူတယ်။

အဋ္ဌာရသန္နံ ကောဋီနံ၊
ဗောဓေသိ တာပသော တဟိံ။
ဝန္ဒေဟံ သိရသာ တဥ္စ၊
သဗ္ဗသတ္တာနမုတ္တမံ။

ဘုရားရှင်ဟာ အဲဒီမိဂဒါဝုန်တောမှာ ၁၈–ကုဋေ သော ပြဟ္မာတွေအား တရားအသိထူးကို သိစေပါ တယ်။ သတ္တဝါအားလုံးမှာ အမြတ်ဆုံးဖြစ်တော်မူတဲ့ အဲဒီဘုရားရှင်ကို ငါ (ဥပသေန) ရှိခိုးပါ၏။

(အရှင်ဥပသေနဟာ မဟာနိဒ္ဒေသနဲ့ စူဠနိဒ္ဒေသရဲ့ အဋ္ဌကထာကို ရေးခဲ့ပါတယ်။)

http://www.dhammadownload.com



## အရှင်ဗုဒ္ဓနာဂရဲ့ ဘုရားရှိခိုး

တိလောကတိလကံ ဗုဒ္ဓံ၊ ဝန္ဒေ သုဒ္ဓဂုဏာကရံ။
ကရုဏာသီတလီဘူတ-ဟဒယံ မဟိတောဒယံ။
(ကခ်ီ၊ ငြိမ်းသစ်)

ဘုရားရှင်ဟာ လူ နတ် ဗြဟ္မာ ဆိုတဲ့ လောက သုံးပါးရဲ့ မှန်ကူသဖွယ် ဖြစ်ပါတယ်။ စင်ကြယ်တဲ့ ဂုဏ်တွေရဲ့ တည်ရာ ဖြစ်ပါတယ်။ ကရုဏာကြောင့် အေးမြတဲ့ စိတ်နှလုံး ရှိတော်မူပါတယ်။ ရှိသေလေးစားထိုက်တဲ့ ကြီးပွားခြင်း ရှိတော်မူပါတယ်။ အဲဒီဘုရားရှင်ကို ရှိခိုးပါတယ်။

(အရှင်ဗုဒ္ဓနာဂဟာ ကခ်ီငြိကာသစ်ကို ရေးခဲ့ပါတယ်။)

## သိကြားမင်းရဲ့ ဘုရားရှိခိုး

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။ (သုတ္တ၊ပါ၊၃၁၅)

http://www.dhammadownload.com



ဒီနေရာမှာ မြေကြီးကို မှီနေကြတဲ့ နတ်တွေ၊ ကောင်းကင်မှာ နေကြတဲ့ နတ်တွေ စုဝေးရောက်ရှိနေကြပါပြီ။ အခု ငါတို့တစ်တွေဟာ လောကစီးပွားအလို့ငှာ ကြိုးစားသူတို့ရဲ့ ကြိုးစားနည်းနဲ့ ကြိုးစားပြီး လူတွေ, နတ်တွေရဲ့ အပူဇော်ခံရတဲ့ ဘုရားရှင်ကို ရှိခိုးကြပါ၏။ သတ္တဝါတွေမှာ ဘေးရန်ကင်းငြိမ်းကြပါစေ။

* * * *

## နတ်စစ်သူကြီးနှစ်ဦးရဲ့ ဘုရားရှိခိုး

တေ မယံ ဝိစရိဿာမ၊ ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနာ သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

(သုတ္တနိပါတပါဠိ၊ ၃၀၅)

ငါတို့ဟာ ဘုရားရှင်ကို ရှိခိုးပြီး တရားဂုဏ်ကို ကြွေးကြော်ကာ နတ်မြို့တစ်မြို့မှ၊ အခြားနတ်မြို့တစ်မြို့သို့၊ နတ်တောင်တစ်တောင်မှ အခြားနတ်တောင်တစ်တောင်သို့ လှည့်လည်ကြပါမယ်။

http://www.dhammadownload.com



(သာတာဂိရနတ်ဘီလူးစစ်သူကြီးနဲ့ ဟေမဝတ နတ်ဘီလူးစစ်သူကြီးတွေရဲ့ ဘုရားရှိခိုး ဖြစ်ပါတယ်။)

* * * *

## ပိင်္ဂိယပုဏ္ဏားရဲ့ ဘုရားရှိခိုး

ပဿာမိ နံ မနသာ စက္ခုနာဝ၊
ရတ္တိန္ဒိဝံ ဗြာဟ္မဏ အပ္ပမတ္တော။
နမဿမာနော ဝိဝသေမိ ရတ္တိံ၊
တေနေဝ မညာမိ အဝိပ္ပဝါသံ။
(သုတ္တနိပါတပါဠိ၊ ၄၅၁)

အို ဗာဝရီဆရာကြီး ... အကျွန်ုပ်ဟာ အဲဒီဘုရားရှင်ကို မျက်စိနဲ့ မြင်သလို စိတ်နဲ့ မြင်နေပါတယ်။ နေ့ညပတ်လုံး မမေ့မလျော့ဘဲ ရှိခိုးလျက်သာ ညဉ့်ကို ကုန်လွန်စေပါတယ်။ ဒါကြောင့်ပဲ ဘုရားနဲ့ကင်းကွာ မနေဘူးလို့ အကျွန်ုပ် ယူဆထင်မြင်ပါတယ်။

* * * *

http://www.dhammadownload.com



# အရှင်မဟာဗုဒ္ဓဃောသရဲ့ ဘုရားရှိခိုး

ကရုဏာ ဝိယ သတ္တေသု၊
ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊
ပဝတ္တိတ္ထ ယထာရုစိ။

ဘုရားရှင်ရဲ့ မဟာကရုဏာတော်ဟာ သတ္တဝါအားလုံးအပေါ်မှာ အလိုတော်အားလျော်စွာ (သတ္တဝါတစ်ယောက်အပေါ်မှာ အာရုံပြုချင်ရင် တစ်ယောက်အပေါ်မှာ၊ သတ္တဝါအများအပေါ် အာရုံပြုချင်ရင် သတ္တဝါအများအပေါ်မှာ အာရုံပြုသောအားဖြင့်) ဖြစ်ပေါ်ပုံ့နှံ့ပါတယ်။ အဲဒီလိုပါပဲ ပညာတော်ဟာလည်း သိသင့်သိထိုက်တဲ့ တရားအားလုံးအပေါ်မှာ အလိုတော်အားလျော်စွာ (သိတော်မူသောအားဖြင့်) ဖြစ်တော်မူပါတယ်။

ဒယာယ တာယ သတ္တေသု၊
သမုဿာဟိတမာနသော။
ပါဋိဟီရာဝသာနမှိ၊
ဝသန္တော တိဒသာလယေ။ (အဋ္ဌသာလိနီ၊ ၅)

http://www.dhammadownload.com



ဘုရားရှင်ဟာ သတ္တဝါတို့အပေါ်မှာ အဲဒီမဟာကရုဏာက ကောင်းစွာ တိုက်တွန်းခံရတဲ့ စိတ်ရှိလို့ တန်ခိုးပြာဋိဟာ ပြုပြီးမှုရဲ့ အဆုံးမှာ တာဝတိံသာနတ်ပြည်၌ သီတင်းသုံးတော်မူပါတယ်။

ပါရိစ္ဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။

သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ။

(အဋ္ဌသာလိနီ)

ပင်လယ်ကသစ်ပင်ရဲ့ အနီးအောက်မှာ ပဏ္ဍုကမ္ဗလာအမည်ရှိ ကျောက်နေရာမှာ တင့်တယ်စွာ ထိုင်နေတော်မူပါတယ်။ ဥပမာ ယုဂန္ဓိုရ်တောင်ပေါ်က နေမင်းဟာ တင့်တယ်သလိုပါပဲ။

စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မ သဗ္ဗသော။

သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော။

(အဋ္ဌသာလိနီ၊ ၄)

အရပ်မျက်နှာအားလုံးမှာ စကြဝဠာတစ်သောင်းကလာပြီး ကောင်းကောင်း ထိုင်နေတဲ့ နတ်ပြဟ္မာအပေါင်းက ဘုရားရှင်ကို ခြံရံနေပါတယ်။

http://www.dhammadownload.com



မာတရံ ပမုခံ ကတွာ၊
တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊
ဒေဝါနံ သမ္ပဝတ္တယိ။ (အဋ္ဌသာလိနီ၊ ၄)

နတ်မယ်တော်ကို အဦးပြုပြီး သဗ္ဗညုတဉာဏ် ပညာတော်ရဲ့အစွမ်းနဲ့ အဘိဓမ္မာကို ဟောရာ ဟောကြောင်း ဒေသနာအစဉ်ကို ဘုရားရှင်က နတ် ပြဟ္မာတွေအား ဟောတော်မူပါတယ်။

တဿ ပါဒေ နမဿိတွာ၊
သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊
ကတွာ သံဃဿ စဉ္စလိံ။ (အဋ္ဌသာလိနီ၊ ၄)

ကျက်သရေရှိတဲ့ အဲဒီဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးပါ၏။ အဲဒီဘုရားရှင်ရဲ့ တရားတော်ကို ပူဇော်ပါ၏။ အရိယာသံဃာတော်အား လက်အုပ်ချီပါ၏။

* * * *

http://www.dhammadownload.com



# အရှင်ဒေဝဒတ်ရဲ့ ဘုရားရှိခိုး

ဣ္ကမေဟိ အဋ္ဌိဟိ တမဂ္ဂပုဂ္ဂလံ၊
ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သတပုညလက္ခဏံ၊
ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ။
(ဓမ္မပဒ၊ ၄၊ ပ၊ ၉၅)

ငါ့နောင်တော်ဘုရားရှင်ဟာ တစ်ကမ္ဘာလုံးမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ပါတယ်။ နတ်အပေါင်းတို့ ဦးခေါင်း ညွတ်လျှိုး ရှိခိုးရာအစစ် နတ်မင်းကြီးလည်း ဖြစ်ပါ တယ်။ ဆုံးမရန် ကြုံ များဗိုလ်ပုံကို စုံလင်စွာ သင် ပေး၍ ယဉ်ကျေးအောင်လည်း ဆုံးမတော်မူပါတယ်။ အကုန်သိမြင်တဲ့ ဉာဏ်ပိုင်ရှင်လည်း ဖြစ်ပါတယ်။ ရာ ပေါင်းများစွာ ဘုန်းသမ္ဘာကြောင့် အစဉ်မြင့်ကြွယ် တင့် တယ်တဲ့ လက္ခဏာလည်း ရှိပါတယ်။ အဲဒီနောင်တော် ဘုရားရှင်ကို ဒီအရိုးတွေနဲ့ရော ချုပ်ပျောက်ခါနီးဖြစ်တဲ့ ဒီအသက်တွေနဲ့ပါ အပြစ်ရှိသမျှ သတိရလို့ အဖန်ဖန် ကန်တော့ခဲ့ပါတယ်ဘုရား။

http://www.dhammadownload.com



(ဒီလိုကန်တော့ချိန်မှာ အရှင်ဒေဝဒတ်ရဲ့ ခန္ဓာကိုယ်ဟာ ခြေထောက်မှစပြီး မေးရိုးအထိ မြေကြီးထဲ မြှုပ်ဝင်သွားပါပြီ။ အဲဒီနောက်ဆုံးအချိန်မှာ နောင်တရပြီး ကန်တော့ခဲ့တာ ဖြစ်ပါတယ်။)

သာမဏေကျော်

ဝါခေါင်လပြည့်ကျော် (၇)ရက်၊ ၆၄–ခုနှစ်။

(၂၄၊ ၈၊ ၂၀၀၂)

* * * *

http://www.dhammadownload.com

# အခက်အတွက် လက်နက်ကောင်း

သာမဏေကျော်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သစ္စာတည်တဲ့ အခါ | ၄၉ |
| ၂။ | သစ္စာတန်ခိုး | ၅၀ |
| ၃။ | သိကြားမင်းလောင်း မဃရဲ့ သစ္စာဆိုပုံ | ၅၁ |
| ၄။ | မဟာကပ္ပိနမင်းရဲ့ သစ္စာဆိုပုံ | ၅၂ |
| ၅။ | ဘုရားလောင်း ကဏှဒီပါယနရသေ့ရဲ့ သစ္စာဆိုပုံ | ၅၅ |
| ၆။ | စက္ကနရဲ့ သစ္စာဆိုပုံ | ၅၈ |
| ၇။ | သားလေးရဲ့ သစ္စာဆိုပုံ | ၆၀ |
| ၈။ | မျက်မမြင် လှေသူကြီးရဲ့ သစ္စာဆိုပုံ | ၆၁ |
| ၉။ | သိဝိမင်းရဲ့ သစ္စာဆိုပုံ | ၆၆ |
| ၁၀။ | မိဖုရားခေါင်ကြီး သုမေဓာရဲ့ သစ္စာဆိုပုံ | ၆၈ |
| ၁၁။ | မိခင်ရဲ့ သစ္စာဆိုပုံ | ၇၄ |
| ၁၂။ | သမ္ဗုလာမင်းသမီးရဲ့ သစ္စာဆိုပုံ | ၇၆ |
| ၁၃။ | ပြည့်တန်ဆာမရဲ့ သစ္စာဆိုပုံ | ၇၉ |

http://www.dhammadownload.com

၁၄။ စိနမင်းနဲ့သစ္စာ ၈၄
၁၅။ ဘုရားလောင်း ငုံးမင်းရဲ့ သစ္စာဆိုပုံ ၈၅
၁၆။ ငါးမင်းရဲ့ သစ္စာဆိုပုံ ၈၈
၁၇။ မောဖွျင်နဲ့ ပတ်သက်ပြီး သစ္စာဆိုပုံ ၉၁
၁၈။ မဟာကရုဏာရှင်ရဲ့ သစ္စာ ၉၅
၁၉။ အရှင်အင်္ဂုလိမာလရဲ့ သစ္စာဆိုပုံ ၉၇
၂၀။ မိခင်ပါရိကာရဲ့ သစ္စာဆိုပုံ ၁၀၂
၂၁။ နိဗ္ဗာန်တရားနဲ့ သစ္စာဆိုပုံ ၁၀၇
၂၂။ မဂ်တရားနဲ့ သစ္စာဆိုပုံ ၁၀၈
၂၃။ သံဃာရတနာနဲ့ပတ်သက်ပြီး သစ္စာဆိုပုံ ၁၀၉
၂၄။ သံဃာရတနာနဲ့ပတ်သက်ပြီး သစ္စာဆိုပုံ ၁၁၀
၂၅။ သောတာပန်အရိယာသံဃာ့ဂုဏ်နဲ့ ၁၁၁
သစ္စာဆိုပုံ
၂၆။ အနိမ့်ဆုံး သောတာပန်ဂုဏ်နဲ့သစ္စာဆိုပုံ ၁၁၂
၂၇။ သောတာပန်သံဃာ့ဂုဏ်နဲ့ သစ္စာဆိုပုံ ၁၁၅

http://www.dhammadownload.com

၂၈။ ဘုရားဂုဏ်နဲ့ သစ္စာဆိုပုံ ၁၁၆
၂၉။ သံဃာ့ဂုဏ်နဲ့ သစ္စာဆိုပုံ ၁၁၈

မာတိကာ ပြီးပါပြီ။

* * * *

http://www.dhammadownload.com



## သစ္စာတည်တဲ့အခါ

သတ္တဝါတွေ သစ္စာတည်တဲ့အခါမှာသာ အရသာအားလုံးဟာ ချိုမြိန်ကောင်းမြတ်လာကြပါတယ်။ ဒါကြောင့် သစ္စာဟာ အရသာတွေထဲက အချိုမြိန်ဆုံးပါပဲ။

သစ္စာ (ဝိရတိသစ္စာနဲ့ ဝစီသစ္စာ)မှာ တည်တဲ့သူတော်ကောင်းတွေဟာ ဝဋ်ဆင်းရဲရဲ့ တစ်ဖက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်ကြပါတယ်။ ဒါကြောင့်လည်း သစ္စာဟာ အချိုမြိန်ဆုံး အရသာပါပဲ။ (ဇာတ်၊ ၅၊ ပဌမ၊ ၅၃၂)

* * * *

http://www.dhammadownload.com



# သစ္စာတန်ခိုး

"မိလိန္ဒမင်းကြီး၊ အမှန်ကို ပြောသူတွေက သစ္စာ ဆိုကြပါတယ်။ သစ္စာစကားဆိုတာ လောကမှာ ရှိပါ သလား။ (မိလိန္ဒပဉ္စပါဠိ၊ ၁၂၄)

## သစ္စာစွမ်းအား

"မိလိန္ဒမင်းကြီး၊ သစ္စာစွမ်းအားကို ဒီလို သိထား ရပါမယ်"။

"သစ္စာနဲ့ မရောက်နိုင်၊ မရနိုင်တဲ့အရာ ဆိုတာ မရှိ"။ (မိလိန္ဒပဉ္စပါဠိ၊ ၁၂၅)

## သစ္စာအကျိုး

"မိလိန္ဒမင်းကြီး၊ သစ္စာမှာ တည်သူတွေဟာ မရ နိုင်တဲ့ အကျိုးဆိုတာ မရှိ၊ အကျိုးအားလုံးကို ရနိုင် ကြတယ်။" (မိလိန္ဒပဉ္စပါဠိ၊ ၁၂၆)

* * * *

http://www.dhammadownload.com



# သိကြားမင်းလောင်း မဃရဲ့ သစ္စာဆိုပုံ

"ကျွန်တော်တို့ သူခိုးတွေ ဖြစ်ခဲ့ရင် ဆင်က ကျွန်တော်တို့ကို နင်းပါစေ။ သူခိုးတွေ မဟုတ်ရင် မနင်းပါစေနဲ့။" (သုတ်မဟာဝါ၊ ဌ၊ ၃၀၄)

## သစ္စာအကျိုး

ရွာစားရဲ့ ကုန်းတိုက်မှုကြောင့် ရှင်ဘုရင်က မဃတို့ သူငယ်ချင်းတစ်သိုက်ကို ဆင်နဲ့ နင်းသတ်ခိုင်းပါတယ်။ အဲဒီသစ္စာစကားရဲ့ စွမ်းအားကြောင့် ဆင်ဟာ မဃတို့အနားကို ကပ်တောင် မကပ်ဝံ့ပါ။ အော်ပြီး ပြေးပါတယ်။ ဖျာနဲ့ ဖုံးပြီး အနင်းခိုင်းပြန်တော့လည်း ဆင်က ပိုအော်ပြီး ပြေးပါတယ်။

သစ္စာဆိုတယ် ဆိုတာဟာ ဒီလောကလူသား အတွက် အားကိုးရာ ဖြစ်ပါတယ်။ (သုတ်မဟာဝါ၊ ဌ၊ ၃၀၄)

* * * *

http://www.dhammadownload.com



## မဟာကပ္ပိနမင်းရဲ့ သစ္စာဆိုပုံ

ဘုရားရှင်ဟာ တကယ်ပဲ ဘဝရေအလျဉ်ကို ကူးမြောက်ပြီးပါပြီ။ သင်္ခါရလောက (ရုပ်နာမ်)တွေရဲ့ အဆုံးနိဗ္ဗာန်ကို ရောက်တော်မူပါတယ်။ သိစရာအားလုံးကို သိတော်မူပါတယ်။

ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် ငါ့ရဲ့ ခရီးသွားမှုဟာ ပြီးမြောက်အောင်မြင်ပါစေ။

ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။ (အပဒါနပါဠိ၊ ဒု၊ ၁၂၀)

မဂ္ဂင်ရှစ်ပါးဟာ အေးငြိမ်းရာနိဗ္ဗာန်ကို သွားတဲ့လမ်း ဖြစ်ပါတယ်။ ရုပ်နာမ်တွေမှ လွတ်ရာနိဗ္ဗာန်ဟာ တကယ့်ကိုပဲ ချမ်းသာပါတယ်။

ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် ငါ့ရဲ့ ခရီးသွားမှုဟာ ပြီးမြောက်အောင်မြင်ပါစေ။

http://www.dhammadownload.com



ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
တေန သစ္စဝစ္ဆေန၊ ဂမနံ မေ သမိဇ္ဈတု။

(အပဒါနပါဠိ၊ ဒု၊ ၁၂၀)

သံဃာတော်ဟာ ဘဝသံသရာခရီးခဲကို လွန်မြောက်ပြီးပါပြီ။ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ အကောင်းဆုံး လယ်ယာမြေ ဖြစ်ပါတယ်။

ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် ငါ့ရဲ့ ခရီးသွားမှုဟာ ပြီးစီးအောင်မြင်ပေါ်စေ။

သံဃော ဝေ တိဏ္ဏသံသာရော၊
ပုညက္ခေတ္တော အနုတ္တရော။
တေန သစ္စဝစ္ဆေန၊
ဂမနံ မေ သမိဇ္ဈတု။ (အပဒါနပါဠိ၊ ဒု၊ ၁၂၀)

**မဟာကပ္ပိနမင်းရဲ့ သစ္စာမိန့်ခွန်း**

"ဘုရားရှင်ဟာ သိစရာမှန်သမျှကို ကိုယ်တော်တိုင် အမှန်အတိုင်း သိခဲ့ရင် ဒီမြင်းတွေရဲ့ ခွာကိုတောင် ရေ မစိုပါစေတည်း။" (ထေရဂါထာပါဠိ၊ ဋ္ဌ၊ ၁၈၀)

http://www.dhammadownload.com



## မဟာကပ္ပိနရဲ့ သစ္စာဓိဋ္ဌာန်

"လှေ စသည်တွေကို ကြည့်နေတဲ့ ငါတို့ကို ဇာတိ (ပဋိသန္ဓေတည်နေမှု)က အိုမှုဇရာဆီကို ပို့ဆောင်တယ်။ အိုမှုက သေမှုဆီကို ပို့ဆောင်တယ်။ ငါဟာ ယုံမှားမှုကင်းစွာနဲ့ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရည်စူးပြီး ထွက်လာတယ်။ အဲဒီရတနာသုံးပါးရဲ့ အစွမ်းအာနုဘော်ကြောင့် ဒီရေဟာ ရေလို မဖြစ်ပါစေနဲ့။" (ဓမ္မပဒ၊ ၄၊ ပ၊ ၃၅၅)

### သစ္စာအကျိုး

မဟာကပ္ပိနမင်းရဲ့ အမတ်တစ်ထောင်ဟာ မြင်းကိုယ်စီးကာ ဘုရားဂုဏ်တော်တွေကို အောက်မေ့ရင်း အနက် တစ်ဂါဝုတ်၊ အနံအကျယ် နှစ်ဂါဝုတ်ရှိတဲ့ အပရစ္ဆာမြစ်ကို ဖြတ်ကူးကြပါတယ်။ တရားဂုဏ်တော်တွေကို အောက်မေ့ရင်း အနက်ရော အနံအကျယ်ပါ ယူဇနာဝက်ရှိတဲ့ နီလဝါဟိနီမြစ်ကို ဖြတ်ကူးကြပါတယ်။ သံဃာ့ဂုဏ်တော်တွေကို အောက်မေ့ရင်း အနက်ရော

http://www.dhammadownload.com



အနံ့အကျယ်ပါ တစ်ယူဇနာရှိတဲ့ စန္ဒဘာဂါမြစ်ကို ဖြတ်ကူးကြပါတယ်။

ကျောက်ဖျာပေါ်မှာလိုပဲ ရေပြင်ပေါ် ပြေးသွားကြပါတယ်။ ပြေးသွားတဲ့ မြင်းတွေရဲ့ ခွာအဖျားတွေ ရေမစိုကြပါ။ (ဓမ္မပဒ၊ ၄၊ ပ၊ ၃၅၅)

* * * *

## ဘုရားလောင်း ကဏှဒီပါယန ရသေ့ရဲ့ သစ္စာဆိုပုံ

"ငါဟာ ခုနစ်ရက်ပဲ ကံရဲ့အကျိုးကို ယုံကြည်ကာ ကောင်းမှုကို လိုလားပြီး အကျင့်မြတ်ကို ကျင့်ခဲ့ပါတယ်။ နှစ်ပေါင်း (၅၀)ကျော်ကြာ ရသေ့ဘဝမှာ မပျော်မွေ့ဘဲ ကျင့်ခဲ့ပါတယ်။ အဲဒီအကြောင်းကို ငါဟာ ဘယ်သူ့ကိုမှ မပြောခဲ့ပါ။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ယညဒတ္တမင်းသားလေးမှာ ချမ်းသာပါစေ၊ အသက်ရှင်ပါစေ"

http://www.dhammadownload.com



## သစ္စာအကျိုး

ယညဒတ္တဦးခေါင်းပေါ် လက်တင်ကာ အဲဒီလို သစ္စာဆိုလိုက်တာနဲ့ပဲ ယညဒတ္တရဲ့ နို့အရပ်မှ အထက်ရှိအဆိပ်ဟာ လျှော့ကျပြီး မြေကြီးထဲကို ဝင်သွားပါတယ်။ ယညဒတ္တမင်းသားလေးဟာ မျက်စိတွေကို ဖွင့်ပြီး မိဘတွေကို ကြည့်ကာ "အမေ၊ အဖေ"လို့ ခေါ်ပြီး လူးလိမ့်ကာ အိပ်သွားပါတယ်။ (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၁)

## ဖခင် မဏ္ဍဗျရဲ့ သစ္စာဆိုပုံ

"ငါဟာ အိမ်ကို တည်းခိုဖို့ လာတဲ့ ဧည့်သည်ကို မြင်ရရင် ဘယ်တော့မှ ကျွေးမွေးရတာကို သဘောမကျ၊ အကြားအမြင်များတဲ့ ရဟန်း ပုဏ္ဏားတွေကလည်း "ဒီဒကာဟာ လှူရတာကို သဘောမကျ၊ ငါတို့ကို သဘောမကျ"လို့ ငါသဘောမကျတာကို မသိကြ၊ ငါက ပေးလှူတဲ့အခါမှာလည်း အကျိုးကို မယုံကြည်ဘဲ၊ မလှူချင်ဘဲ လှူရပေမယ့် တစ်ပါးသူတွေက ငါ့ရဲ့ မလှူ

http://www.dhammadownload.com



ချင်တာကိုလည်း မသိကြ၊ ဒီမှန်ကန်တဲ့ သစ္စာစကား ကြောင့် ငါ့သားလေး ယညဒတ္တမှာ ချမ်းသာပါစေ၊ အသက်ရှင်ပါစေ။"

## သစ္စာအကျိုး

ယညဒတ္တရဲ့ ရင်ဘက်ပေါ် လက်တင်ကာ အဲဒီလို သစ္စာဆိုလိုက်တာနဲ့ ခါးအထက်က အဆိပ်ဟာ လျော့ကျပြီး မြေကြီးထဲသို့ ဝင်သွားပါတယ်။ ယညဒတ္တဟာ ထပြီး ထိုင်ပါတယ်၊ ရပ်တော့ မရပ်နိုင်သေးပါ။ (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂)

## မိခင်ရဲ့ သစ္စာဆိုပုံ

"ငါ့သားလေး … အဆိပ်ပြင်းလှတဲ့ မြွေက တွင်းထဲက ထွက်လာပြီး ငါ့သားလေးကို ကိုက်တယ်၊ အဲဒီမြွေအပေါ်နဲ့ သင့်အဖေအပေါ်မှာ ငါ့ရဲ့ မုန်းတာဟာ မထူးပါ။ အဲဒီလို မုန်းတာကို ဒီနေ့မှတစ်ပါး အရင်က ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါ။ အဲဒီစကား မှန်ရင် အဲဒီ

http://www.dhammadownload.com



မှန်တဲ့စကားကြောင့် ငါ့သားလေး ချမ်းသာပါစေ၊ အသက်ရှင်ပါစေ။''

**သစ္စာအကျိုး**

မိခင်ဖြစ်သူဟာ အဲဒီလို သစ္စာဆိုလိုက်တာနဲ့ အဆိပ်အားလုံး လျှောကျကာ မြေကြီးထဲကို ဝင်သွားပါတယ်။ ယညဒတ္တဟာ ခန္ဓာကိုယ်မှာ အဆိပ်ကင်းစင်သွားလို့ ထကာ ကစားဖို့ ကြိုးစားပါတယ်။ (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂)

* * * *

## စက္ကုနရဲ့ သစ္စာဆိုပုံ

''ငါဟာ မွေးဖွားပြီးတဲ့အချိန်က စပြီး သတ္တဝါရဲ့ အသက်ကို သေစေလိုတဲ့စိတ်နဲ့ သတ်တာကို ငါ မသိပါ''

**သစ္စာအကျိုး**

သီရိလင်္ကာကျွန်းက စက္ကုနဥပါသကာရဲ့ မိခင်မှာ စက္ကုနငယ်ရွယ်စဉ်ကပဲ ရောဂါဖြစ်ခဲ့ပါတယ်။ ဆေးဆရာ

http://www.dhammadownload.com



ကလည်း "ယုန်သားအစိုကို ရသင့်တယ်"လို့ ပြောလို့ စက္ကနရဲ့အစ်ကိုက "ငါ့ညီ ... သွားပါ၊ လယ်တောကို လှည့်လည်ချေ"လို့ ပြောကာ စက္ကနကို စေလွှတ်လိုက်ပါတယ်။

စက္ကနက လယ်တောကို သွားတဲ့အခါ ယုန်တစ်ကောင်က ကောက်ပင်နုနုကို စားဖို့ လာနေပါတယ်။ ယုန်က စက္ကနကို မြင်လျှင်မြင်ချင်းပဲ လျင်တဲ့အဟုန်နဲ့ ပြေးတဲ့အခါ နွယ်နဲ့ ငြိနေလို့ "ကရိ၊ ကရိ"လို့ အော်တယ်။

စက္ကနဟာ အဲဒီအသံကြောင့် သွားပြီး အဲဒီယုန်ကို ဖမ်းကာ "အမေ့အတွက် ဆေးလုပ်မယ်"လို့ ကြံလိုက်တယ်။ "အမေရဲ့ အသက်အတွက် သူတစ်ပါးအသက်ကို ငါသတ်တာဟာ မသင့်တော် မလျောက်ပတ်ဘူး"လို့ ကြံပြန်တယ်။

အဲဒီအခါ "သွားပါ၊ တောမှာ ယုန်တွေနဲ့အတူ မြက်, ရေကို သုံးဆောင်ပါ"လို့ ပြောပြီး ယုန်ကို လွှတ်

http://www.dhammadownload.com



လိုက်တယ်။ အစ်ကိုက "ငါ့ညီ ယုန် ရခဲ့ရဲ့လား"လို့ မေးတဲ့အခါ အဲဒီဖြစ်ပုံကို ပြောပြတယ်။

အဲဒါကြောင့် စက္ကနကို အစ်ကိုက ခြိမ်းခြောက်တယ်။ စက္ကနက အမေ့ထံ သွားပြီး အထက်ပါသစ္စာစကားကို ဆိုပါတယ်။ အဲဒီခဏမှာပဲ စက္ကနရဲ့ မိခင်ဟာ ရောဂါပျောက်သွားပါတယ်။ (အဋ္ဌသာလိနီ၊ ၁၄၆)

* * * *

## သားလေးရဲ့ သစ္စာဆိုပုံ

"ငါရဲ့ မိခင်နှုတ်နဲ့ ပြောလိုက်တဲ့ စကားဟာ ပြောတိုင်း မဖြစ်ပါစေနဲ့။ စိတ်နဲ့ ကြံတဲ့ အကြံဟာ ကြံတိုင်း ဖြစ်ပါစေသတည်း။"။

**သစ္စာအကျိုး**

သူငယ်တစ်ယောက်ဟာ မိခင်ရဲ့စကားကို မနာယူဘဲ တောကို သွားသတဲ့။ အဲဒီသူငယ်ကို မိခင်က

http://www.dhammadownload.com



ပြန်လာအောင် မလုပ်နိုင်လို့ "ကြမ်းတမ်းတဲ့ ကျွဲမကနင့်ကို လိုက်ပါစေဟယ်"လို့ ကျိန်ဆဲလိုက်ပါတယ်။ အဲဒီကနောက် သူငယ်အနီးမှာ မိခင် ကျိန်ဆဲလိုက်တဲ့အတိုင်းပဲ တောမှာ ကျွဲမက ထလာတယ်။ သူငယ်က အထက်ပါအတိုင်း သစ္စာဆိုလိုက်ပါတယ်။ သစ္စာပြုလိုက်ပါတယ်။ ကျွဲမဟာ အဲဒီထရာနေရာမှာပဲ ကြိုးနဲ့ ဖွဲ့ချည်ထားသလို ရပ်နေပါတယ်။ (အဋ္ဌသာလိနီ၊ ၁၄၃)

* * * *

## မျက်မမြင် လေ့သူကြီးရဲ့ သစ္စာဆိုပုံ

"ငါဟာ ငါ့ကိုယ်ကို မှတ်မိတဲ့အချိန်က စပြီး တတ်သိနားလည်တဲ့ အရွယ်ကို ရောက်တဲ့ အချိန်က စပြီး သေစေလိုတဲ့ စိတ်ထားနဲ့ သတ္တဝါတစ်ကောင်ကိုတောင် ပိုးကောင်၊ ခြကောင်လေးတစ်ကောင်ကိုတောင် သတ်ဖူးတာကို မသိပါ။ ငါဟာ မြက်, ဝါးခြမ်းကစပြီး သူ

http://www.dhammadownload.com



တစ်ပါးဉစ္စာကို မခိုးယူဖူးပါ။ သာယာတပ်မက်တဲ့ လောဘနဲ့ သူတစ်ပါးမယားကို မကြည့်ဖူးပါ။ လိမ်ညာ မပြောဖူးပါ။ မြွက်ဖျားလေးနဲ့တောင် ထန်းရည်၊ အရက် ကို မသောက်ဖူးပါ။ ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကား ကြောင့် လှေဟာ ဘေးကင်း ချမ်းသာရာကို ပြန်လှည့် ပါစေသတည်း။"

ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊
ဧကပါဏမ္ပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ နာဝါ နိဝတ္တတု။
(ဇာတ်၄၊ ၄၊ စတုတ္ထ၊ ၁၄၅)

(ငါးပါးသီလနဲ့ သစ္စာဆိုတယ်လို့ အဋ္ဌကထာက ဖွင့်ထားပါတယ်။)

http://www.dhammadownload.com



## သစ္စာအကျိုး

လှေသူကြီးဟာ ဘုရားအလောင်းတော် ဖြစ်ပါတယ်။ သုပ္ပါရကလို့ နာမည်တွင်ပါတယ်။ ရွှေအဆင်းလို လှပတဲ့ အဆင်း ရှိပါတယ်။ ရုပ်ရည်ချောမောပါတယ်။ ဉာဏ်ပညာနဲ့ ပြည့်စုံပါတယ်။ (၁၆)နှစ်အရွယ်မှာ လှေအတတ်မှာ ကျွမ်းကျင်ပြီးဆုံးသွားပါတယ်။ သူ လှော်ခတ်တဲ့ လှေဟာ ပျက်စီးတာ မရှိပါ။ သမုဒ္ဒရာရေရဲ့ ရိုက်ခတ်မှုကြောင့် သူ့မျက်စိနှစ်လုံး ပျက်စီးသွားပါတယ်။

ကုန်သည်တွေက အထပ်ထပ် တောင်းဆိုလို့ မျက်စိမမြင်ပေမယ့် လှေသူကြီးလုပ်ရပါတယ်။ သမုဒ္ဒရာကြီးထဲ ခုနစ်ရက်ကြာ ဘေးရန်ကင်းပါတယ်။ အဲဒီကနောက် အချိန်အခါမဟုတ်ဘဲ လေမုန်တိုင်း ကျလာပါတယ်။ လှေဟာ သမုဒ္ဒရာရေပြင်ပေါ် လေးလကြာ လှည့်လည်နေပါတယ်။

http://www.dhammadownload.com



ခုရမာလီသမုဒ္ဒရာ၊ အဂ္ဂိမာလီသမုဒ္ဒရာ၊ ဒဓိမာလီသမုဒ္ဒရာ၊ ကုသမာလီသမုဒ္ဒရာ၊ နဠမာလီသမုဒ္ဒရာတွေကို ရောက်ပြီး ဗလဝမုခသမုဒ္ဒရာကို ကုန်သည်တွေက မြင်ကြပါတယ်။ အဲဒီ ဗလဝမုခသမုဒ္ဒရာမှာ ရေက ဆွဲငင် ဆွဲငင်ပြီး ဘက်ပေါင်းစုံက အထက်ကို တက်ပါတယ်။ အဲဒီလိုတက်တဲ့အခါ ရေဟာ ဘက်ပေါင်းစုံက ကမ်းပါးပြတ်ရှိတဲ့ ချောက်ကြီးလို ထင်ရပါတယ်။ လှိုင်းတက်တဲ့အခါ တစ်ဖက်မှာ ကမ်းပါးပြတ်နဲ့ တူပါတယ်။ ကြောက်မက်ဖွယ်အသံဟာ နားတွေကို ခွဲသလို၊ နှလုံးသားကို ခွဲသလို ဖြစ်သွားပါတယ်။

အဲဒီသမုဒ္ဒရာကို မြင်ပြီး ကုန်သည်တွေက အလွန်ကြောက်လန့်နေကြပါတယ်။ ဘုရားလောင်းက အဲဒီသမုဒ္ဒရာရဲ့နာမည်ကို ပြောပြပြီး "မိတ်တွေတို့ ... ဒီဗလဝါမုခသမုဒ္ဒရာကို ရောက်ပြီးရင် ပြန်လှည့်နိုင်တဲ့ လှေ ဆိုတာ မရှိဘူး။ ဒီသမုဒ္ဒရာဟာ ရောက်လာတဲ့လှေကို နှစ်မြှုပ်ပြီး ပျက်စီးစေပါတယ်လို့ ပြောတယ်။

http://www.dhammadownload.com



အဲဒီလှေပေါ် လူခုနစ်ရာ စီးလာကြပါတယ်။ အဲဒီ လူအားလုံး သေရမှာ ကြောက်ကြလို့ တစ်ပြိုင်နက် တည်းပဲ အလွန်သနားဖွယ်အသံကို အော်ဟစ်ကြပါ တယ်။ ဥပမာ – အဝီစိငရဲမှာ ကျက်နေတဲ့ ငရဲသား တွေလိုပါပဲ၊ ဘုရားလောင်းက ဒီလို တွေးပါတယ်။

"ငါမှတစ်ပါး အခြားသူဟာ ဒီလူတွေ ဘေးကင်း အောင် လုပ်နိုင်တာ မရှိ၊ သစ္စာဆိုပြီး ဒီလူတွေ ချမ်း သာအောင် ငါ လုပ်မယ်။"

အဲဒီလို တွေးပြီး အဲဒီလူတွေကို ခေါ်ကာ ပြောပါ တယ်။

"မိတ်ဆွေတို့ ... လျင်မြန်စွာ ငါ့ကို နံ့သာရည်နဲ့ ချိုးပေးကြပါ။ အဝတ်သစ်တွေ ဝတ်ပေးကြပါ။ ရေ အပြည့်ပါတဲ့ ခွက်ကို စီစဉ်ကာ လှေဦးမှာ ထားပေးကြပါ"

အဲဒီလူတွေက ခိုင်းတဲ့အတိုင်း မြန်မြန် လုပ်ပေး ကြပါတယ်။ ဘုရားလောင်းက လက်နှစ်ဖက်နဲ့ ရေ အပြည့်ပါတဲ့ ခွက်ကို ကိုင်ကာ လှေဦးမှာ ရပ်ရင်း

http://www.dhammadownload.com



အထက်ပါအတိုင်း သစ္စာဆိုပါတယ်။ အဲဒီလို ငါးပါး သီလနဲ့ သစ္စာဆိုပြီး ရေအပြည့်ပါတဲ့ ခွက်ထဲက ရေကို လှေဦးမှာ သွန်းလောင်းလိုက်ပါတယ်။ လေးလကြာ အရပ်တစ်ပါးမှာ ပြေးသွားနေတဲ့ လှေဟာ ပြန်လှည့်ပြီး တန်ခိုးရှိသူပမာ သစ္စာရဲ့အစွမ်းကြောင့် တစ်ရက်တည်း နဲ့ပဲ ကုရုကစ္ဆပဋ္ဋနရွာကို ရောက်သွားပါတယ်။ သွား ပြီးတော့ ကုန်းပေါ်မှာလည်း ရှစ်ဥသဘလောက်ရှိတဲ့ နေရာကို ပြေးသွားကာ လှေသူကြီးရဲ့ အိမ်တံခါးမှာပဲ တည်နေပါတယ်။ (ဇာတ်၊ ၄၊ စတုတ္ထ၊ ၁၄၅)

* * * *

# သိဝိမင်းရဲ့ သစ္စာဆိုပုံ

"ငါ့ဆီကို အနွယ်အမျိုးမျိုးက တောင်းတဲ့သူတွေ ဟာ တောင်းဖို့ လာကြပါတယ်။ အဲဒီလူတွေ လာကြ တဲ့အခါ ငါ့ကို တောင်းသူကို ငါ့စိတ်က ချစ်မြတ်နိုးပါ တယ်။ ငါဟာ တောင်းသူအားလုံးကို ချစ်မြတ်နိုးတယ်

http://www.dhammadownload.com



ဆိုတဲ့ မှန်ကန်စွာ ဆိုလိုက်တဲ့ အဲဒီသစ္စာစကားကြောင့် ငါ့မှာ မျက်စိတစ်လုံး ဖြစ်ပေါ်လာပါစေသတည်း။"

**သစ္စာအကျိုး**

အဲဒီသစ္စာစကားရဲ့ အခြားမဲ့မှာပဲ သိဝိမင်းမှာ ပထမ မျက်စိ ဖြစ်ပေါ်လာပါတယ်။ (ဇာတ်၊ ၄၊ စတုတ္ထ ၄၁၀)

**သိဝိမင်းရဲ့ ဒုတိယသစ္စာဆိုပုံ**

"မျက်စိပျက်နေတဲ့ ပုဏ္ဏားက အကျွန်ုပ်အား မျက်စိပေးပါလို့ တောင်းဖို့ လာတယ်။ တောင်းတဲ့ အဲဒီပုဏ္ဏားအား မျက်စိတွေကို ငါ ပေးလိုက်ပါတယ်။ ငါဟာ အလှူကို ကောင်းကောင်း လှူရပေစွလို့ ဆင်ခြင်တဲ့ ငါ့ရဲ့ နှလုံးသားမှာ ပီတိဟာ အတိုင်းထက်အလွန် စိမ့်ဝင်လာပါတယ်။ ငါ့မှာ ဝမ်းမြောက်မှု အတိုင်းအတာ မရှိ ဖြစ်ပါတယ်။ ဒီစကားကို ငါဟာ မှန်ကန်စွာ ဆိုတာ ဖြစ်ခဲ့ရင် ငါ့ရဲ့ အဲဒီသစ္စာစကားကြောင့် ငါ့မှာ ဒုတိယ မျက်စိလည်း ဖြစ်ပေါ်လာပါစေသတည်း။"

http://www.dhammadownload.com



## သစ္စာအကျိုး

အဲဒီခဏမှာပဲ ဒုတိယမျက်စိလည်း ဖြစ်ပေါ်လာပါတယ်။ သိကြားမင်းက မျက်ကန်းပုဏ္ဏားယောင်ဆောင်ပြီး သိဝိမင်းရဲ့ ဒါနစိတ်ဓာတ် (ဒါနပါရမီ)ကို စုံစမ်းလိုလို့ လာအလှူခံတဲ့အတွက် မျက်စိနှစ်ဖက်လုံးကို သိကြားမင်းပုဏ္ဏားအား လှူလိုက်တာ ဖြစ်ပါတယ်။ သိကြားမင်းက သိကြားမင်းအဖြစ်နဲ့ သိဝိမင်းထံ ပြန်လာပြီး သစ္စာဆိုဖို့ ပြောပါတယ်။ ဒါကြောင့် ဘုရားလောင်း သိဝိမင်းက သစ္စာဆိုလိုက်တာ ဖြစ်ပါတယ်။ သစ္စာရဲ့အစွမ်းကြောင့် မျက်စိနှစ်လုံး ဖြစ်ပေါ်လာကြပါတယ်။ (ဇာတ်၊ ၄၊ စတုတ္ထ၊ ၄၁၀)

* * * *

## မိဖုရားခေါင်ကြီး သုမေဓာရဲ့ သစ္စာဆိုပုံ

"ကျွန်မဟာ သုရုစိမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်ပါတယ်။ မိန်းမပေါင်း တစ်သောင်းခြောက်ထောင်ရဲ့

http://www.dhammadownload.com



အရင် ကျွန်မကို သိမ်းပိုက်ထားပါတယ်။ ကျွန်မကို ယူပြီးတဲ့အချိန်က စပြီး နှစ်ပေါင်း တစ်သောင်းကြာအောင် ကျွန်မဟာ တစ်ဦးတည်းသော မယားအဖြစ်နဲ့ပဲ ဒီနန်းတော်မှာ နေခဲ့ပါတယ်။ မျက်မှောက်မှာရော မျက်ကွယ်မှာပါ တစ်ခဏလေးမျှတောင် မိတ္တိလာပြည့်ရှင် သုရုစိမင်းကို ကိုယ်, နှုတ်, စိတ်နဲ့ ကျော်လွန်ပြီးတွေးတောကို မသိ၊ အမှတ်မရပါ။"

"အို သိကြားမင်း ... မှန်ကန်စွာ ဆိုရတဲ့ ဒီသစ္စာစကားကြောင့် ကျွန်မမှာ သား ရလာပါစေ၊ ကျွန်မရဲ့စကား မှားခဲ့ရင် ကျွန်မရဲ့ ဦးထိပ် ခုနစ်စိပ် ခုနစ်မြွာကွဲပါစေ။" (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၁၉)

## ဒုတိယသစ္စာဆို

"ကျွန်မရဲ့ခင်ပွန်း၊ ယောက္ခမအထီး၊ ယောက္ခမအမတွေက ကျွန်မကို ဆုံးမကြပါတယ်။ ကျွန်မ အသက်ရှင်နေသမျှ ကျွန်မအား သူတို့က သြဝါဒပေးကြပါတယ်။ ကျွန်မက မညှဉ်းဆဲမှုလို့ခေါ်တဲ့ ပျော်ရွှင်မှုနဲ့

http://www.dhammadownload.com



ပျော်ပါတယ်။ ကုသလကမ္မပထတရား ဆယ်ပါးတို့ကို တကယ်ပဲ ဖြည့်ကျင့်ပါတယ်။ သူတို့ကို နေ့ရော ညပါ မပျင်းမရိ ရိုရိုသေသေနဲ့ ပြုစုလုပ်ကျွေးခဲ့ပါတယ်။"

"အို သိကြားမင်း ... ကျွန်မရဲ့ မှန်ကန်စွာ ဆိုရတဲ့ ဒီသစ္စာစကားကြောင့် ကျွန်မမှာ သား ရလာပါစေ။ ကျွန်မရဲ့ စကား မှားခဲ့ရင် ကျွန်မရဲ့ ဦးထိပ် ခုနစ်စိတ် ခုနစ်မြွာ ကွဲပါစေ။" (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၁၉)

**တတိယသစ္စာဆိုပုံ**

"သုရုစိရှင်ဘုရင်တစ်ပါးတည်းရဲ့ တစ်သောင်း ခြောက်ထောင်သော မောင်းမတွေအပေါ်မှာ တစ်ခါတစ် လေမှ ကျွန်မမှာ မနာလိုတာ၊ အမျက်ထွက်တာ မရှိပါ။ သူတို့ရဲ့ အကျိုးစီးပွားကို လိုလားနှစ်သက်ပါတယ်။ ရင်နှစ်သည်းချာ သမီးရင်းတွေပမာ သူတို့ကို ကြည့်ပြီး ကျေနပ်ပါတယ်။ သူတို့အားလုံးကို ချစ်ပါတယ်။ တစ် ယောက်ကိုမှ မမုန်းပါ။ သူတို့ကို ကိုယ့်ကို သနားလိုပဲ အမြဲ သနားပါတယ်။"

http://www.dhammadownload.com



"အို သိကြားမင်း ... ကျွန်မရဲ့ မှန်ကန်စွာ ဆိုရတဲ့ ဒီသစ္စာစကားကြောင့် ကျွန်မမှာ သား ရလာပါစေ၊ ကျွန်မရဲ့ စကား မှားခဲ့ရင် ကျွန်မရဲ့ဦးထိပ် ခုနစ်စိတ် ခုနစ်မြွာ ကွဲပါစေ။" (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂၀)

## စတုတ္ထသစ္စာဆိုပုံ

"ကျွန်မဟာ ကျွန်၊ အလုပ်သမား၊ အစေခံ၊ အခြားမှီခိုသူ အားလုံးကို သူတို့လုပ်နိုင်တဲ့ အလုပ်တွေ လုပ်ခိုင်းပါတယ်။ ခိုင်းတဲ့အခါ အမြဲရွှင်ပျပြီး ခိုင်းပါတယ်။ စိတ်ဆိုးပြီး ဘယ်နေရာမှာမှ ဘယ်သူ့ကိုမှ မခိုင်းဖူးပါ။"

"အို သိကြားမင်း ... ကျွန်မရဲ့ မှန်ကန်စွာ ဆိုတဲ့ ဒီသစ္စာစကားကြောင့် ကျွန်မမှာ သား ရလာပါစေ၊ ကျွန်မရဲ့စကား မှားခဲ့ရင် ကျွန်မရဲ့ဦးထိပ် ခုနစ်စိတ်၊ ခုနစ်မြွာ ကွဲပါစေ။" (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂၀)

http://www.dhammadownload.com



**ပဥ္စမသစ္စာဆိုပုံ**

"ကျွန်မဟာ ရဟန်း ပုဏ္ဏားနဲ့ အခြားတောင်းရမ်း အလှူခံသူတွေကို စားဖွယ် သောက်ဖွယ်နဲ့ ကျေနပ်စေပါတယ်။ အမြဲ လက်ကို ဆေးကြောထားပါတယ်"

"အို သိကြားမင်း ... ကျွန်မရဲ့ မှန်ကန်စွာ ဆိုတဲ့ ဒီသစ္စာစကားကြောင့် ကျွန်မမှာ သား ရလာပါစေ၊ ကျွန်မရဲ့စကား မှားခဲ့ရင် ကျွန်မရဲ့ဦးထိပ် ခုနစ်စိတ် ခုနစ်မြွာ ကွဲပါစေ။" (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂၀)

**ဆဋ္ဌမသစ္စာဆိုပုံ**

"ကျွန်မက (၁၄)ရက်၊ (၁၅)ရက်၊ (၈)ရက် ဥပုသ်ရက်တွေနဲ့ အဲဒီဥပုသ်တွေရဲ့ အကြိုနေ့၊ အထွက်နေ့ တွေမှာ (၈)ပါးသီလဥပုသ် စောင့်ပါတယ်။ ငါးပါးသီလ ကို အမြဲ လုံခြုံအောင် စောင့်ထိန်းပါတယ်။"

"အို သိကြားမင်း ... ကျွန်မရဲ့ မှန်ကန်စွာ ဆိုတဲ့ ဒီသစ္စာစကားကြောင့် ကျွန်မမှာ သား ရလာပါစေ၊

http://www.dhammadownload.com



ကျွန်မရဲ့စကား မှားခဲ့ရင် ကျွန်မရဲ့ ဦးထိပ် ခုနစ်စိတ် ခုနစ်မြွာ ကွဲပါစေ။" (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂၀)

**သစ္စာအကျိုး**

သုမေဓာဆိုတဲ့ မိဖုရားခေါင်ကြီးက သား ရလိုလို့ သားဆု တောင်းတဲ့အခါ သိကြားမင်းက "သင့်ရဲ့အကျင့် သီလက ဘာပါလဲ၊ ပြောပြပါ။ ငါ သဘောကျရင် သင့်ကို သားဆုပေးမယ်"လို့ ပြောလို့ မိဖုရားခေါင်ကြီးက အထက်ပါစကားတွေကို ပြောပါတယ်။ သုမေဓာ မိဖုရားခေါင်ကြီးက ဝိသာခါအလောင်းအလျာ ဖြစ်ပါတယ်။ သိကြားမင်းက ဘုရားအလောင်း ဖြစ်ပါတယ်။ မိဖုရားခေါင်ကြီးမှာ သားလေး ရသွားတယ်။ မဟာပနာဒလို့ အမည်တွင်ပါတယ်။ (ဇာတ်၊ ၄၊ စတုတ္ထ၊ ၃၂၃)

* * * *

http://www.dhammadownload.com



# မိခင်ရဲ့ သစ္စာဆိုပုံ

"မိဘကို ပြုစုလုပ်ကျွေးတဲ့ ရာမအမည်ရှိသော ဗာရာဏသီမြို့သားဟာ ကုန်ရောင်းဖို့ သွားတဲ့အခါ ဒဏ္ဍကီမင်းရဲ့နိုင်ငံက ကုမ္ဘဝတီမြို့ကို ရောက်သွားပြီး မိုးကိုးမျိုးကြောင့် တစ်နိုင်ငံလုံး ပျက်စီးသွားတော့ မိဘတွေရဲ့ဂုဏ်ကို အောက်မေ့တယ်။ ရာမကို မိဘကို ပြုစုတဲ့ ကံရဲ့အကျိုးကြောင့် နတ်တွေက ချမ်းသာစွာ ဆောင်ယူပြီး မိခင်အား ပေးကြတယ်။ ငါမိခင်ဟာလည်း သားလေး (အလီနသတ္တု)ရဲ့ ဘေးရန်ကင်းပြီး ချမ်းသာမှုကိုပဲ လိုလားပါတယ်။ နတ်တွေက အဲဒီရာမကို ဘေးရန်ကင်းရှင်းစွာ သယ်ဆောင်တာ မှန်ခဲ့ရင် အဲဒီအမှန်တရားကြောင့် ငါ့ရဲ့သားလေး အလီနသတ္တုကိုလည်း နတ်တွေ ကယ်ဖို့ သတိရကြပါစေ။ ငါ့သားလေး အလီနသတ္တုဟာ ဘီလူးက ပြန်လွှတ်လိုက်လို့ ဘေးရန်ကင်းစွာ ပြန်လာနိုင်ပါစေသတည်း။" (ဇာတ်၊ ၄၊ ပဥ္စမ၊ ၃၀)

http://www.dhammadownload.com



## နမရဲ့သစ္စာဆိုပုံ

"ငါဟာ ငါ့အစ်ကို အလီနသတ္တုအပေါ် မျက်မှောက်မှာရော၊ မျက်ကွယ်မှာပါ စိတ်နှင့် ပြစ်မှားတာကို တကယ်ပဲ ငါ မမှတ်မိ။ ငါက ငါ့အစ်ကိုအပေါ် စိတ်ပြစ်မှားတာကို မပြုလုပ်ခဲ့ဖူးပါ။ အဲဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် နတ်တွေက အစ်ကို့ကို ကယ်မဖို့ သတိရကြပါစေ။ အစ်ကိုဟာ ဘီလူးက ပြန်လွှတ်လိုက်လို့ ဘေးရန်ကင်းစွာ ပြန်လာနိုင်ပါစေသတည်း။ (ဇာတ်၊ ၄၅၊ ပဥ္စမ၊ ၃၀)

## မယားရဲ့သစ္စာဆိုပုံ

"အို ငါ့ခင်ပွန်း အလီနသတ္တု ... သင်ဟာ ငါ့ကို ကျော်လွန်ပြီး အခြားသူကို စိတ်နဲ့ မတောင့်တပါ။ ငါကလည်း သင်ကို စိတ်နဲ့ မမုန်းပါ။ ငါတို့ဟာ အချင်းချင်း ချစ်ခင်စွာ ပေါင်းသင်းကြပါတယ်။ အဲဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် နတ်တွေက သင့်ကို ကယ်မဖို့ သတိရကြပါစေ။ သင်ဟာ ဘီလူးက ပြန်လွှတ်လိုက်လို့

http://www.dhammadownload.com



ဘေးရန်ကင်းစွာ ပြန်လာနိုင်ပါစေသတည်း။" (ဇာတ်၊ ၄၊ ပဥ္စမ၊ ၃၀)

**သစ္စာအကျိုး**

အလီနသတ္တုဟာ ဘေးရန်ကင်းစွာ ပြန်လာပါတယ်။ အလီနသတ္တုက ဘုရားလောင်း၊ နှမက ဉပ္ပလဝဏ်၊ မယားက ရာဟုလမယ်တော်၊ မယ်တော်က မဟာမာယာအလောင်းတွေ ဖြစ်ကြပါတယ်။ (ဇာတ်၊ ၄၊ ပဥ္စမ၊ ၃၇)

* * * *

## သမ္ဗုလာမင်းသမီးရဲ့ သစ္စာဆိုပုံ

"ငါပြောတဲ့အတိုင်း ငါ့စကားဟာ မှန်ခဲ့ရင် သစ္စာစကားက ငါ့ကို အခုလည်း စောင့်ရှောက်ပါစေသတည်း၊ နောင်လည်း စောင့်ရှောက်ပါစေသတည်း။ ငါ့မှာ သင်သောတ္ထိသေန မင်းသားထက် ပိုပြီး ချစ်ရတဲ့သူကို ငါ

http://www.dhammadownload.com



မသိပါ။ ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သင်မင်းသားရဲ့ နူနာရောဂါ ပျောက်ကင်းငြိမ်းအေးပါစေ”

တထာ မံ သစ္စံ ပါလေတု၊
ပါလယိဿတိ စေ မမံ။
ယထာဟံ နာဘိဇာနာမိ၊
အညံ ပိယတရံ တယာ။
ဧတေန သစ္စဝဇ္ဇေန၊
ဗျာဓိ တေ ဝူပသမ္မတု။

**သစ္စာအကျိုး**

သောတ္ထိသေနဟာ ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းရဲ့သားတော် အိမ်ရှေ့မင်းသား ဖြစ်ပါတယ်။ သမ္မုလာဟာ သောတ္ထိသေနရဲ့ ဇနီး ဖြစ်ပါတယ်။ သမ္မုလာဟာ ရုပ်လှတယ်၊ ခန္ဓာကိုယ် အရောင်တောက်ပတယ်၊ လေငြိမ်ရာမှာ ထွန်းထားတဲ့ ဆီမီးလျှံလို ထင်ရတယ်။ နောင်အခါ သောတ္ထိသေနမှာ နူနာရောဂါ ဖြစ်လာပါတယ်။ ဆေးဆရာတွေ မကုသနိုင်ကြပါ။

http://www.dhammadownload.com



သောတ္ထိသေနဟာ တောထဲသို့ ထွက်သွားပါတယ်။ သမ္ဗုလာလည်း လိုက်သွားပြီး လိုလေသေးမရှိရအောင် ပြုစုပါတယ်။ သမ္ဗုလာဟာ တောထဲသို့ သစ်သီးကြီးငယ် ဆောင်ယူဖို့ သွားတဲ့အခါ ဒါနဝဘီလူးက သမ္ဗုလာကို မြင်သွားပြီး ချစ်ကြိုက်လို့ လက်ဆွဲကာ "သူ့စကားကို မလိုက်နာရင် ကိုက်သတ်မယ်" လို့ ပြောတော့ သောတ္ထိသေနကိုပဲ တမ်းတကာ ငိုကြွေးခဲ့ရကြောင်း သောတ္ထိသေနအား ပြောပြတဲ့အခါ မယုံကြည်လို့ အထက်ပါ သစ္စာစကားကို ဆိုလိုက်ပါတယ်။

မယုံကြည်ဖြစ်နေတဲ့ သောတ္ထိသေနကို သစ္စာအစွမ်းနဲ့ပဲ ဆေးကုမယ်လို့ ကြံကာ ရေပြည့်နေတဲ့ ခွက်ကို ကိုင်ပြီး သစ္စာဆိုလိုက်ပါတယ်။ ရေကို သောတ္ထိသေနရဲ့ ဦးခေါင်းပေါ် လောင်းလိုက်ပါတယ်။ ရေလောင်းပြီးတယ် ဆိုရင်ပဲ သောတ္ထိသေနရဲ့ နူနာဟာ ကင်းပျောက်သွားပါတယ်။ ဥပမာ – အချဉ်နဲ့ ဆေးကြောခံရတဲ့ ကြေးအညစ်အကြေးလိုပါပဲ။

http://www.dhammadownload.com



သူတို့ ဖနီးမောင်နှံဟာ အဲဒီတောထဲမှာ ရက် အနည်းငယ် နေပြီး တောက ထွက်ကာ ဟာရာဏသီ ပြည့်ကို သွားပြီး ဥယျာဉ်ထဲကို ဝင်ကြပါတယ်။ သောတ္ထိ သေနဟာ ဘုရင်ဖြစ်သွားပြီး သမ္မုလာက မိဖုရားခေါင် ကြီး ဖြစ်သွားပါတယ်။ (ဇာတ်၊ ၄၊ ပဥ္စမ၊ ၉၉)

* * * *

# ပြည့်တန်ဆာမရဲ့ သစ္စာဆိုပုံ

"အသောကမင်းကြီး ... ရှင်ဘုရင်ကပဲ ဖြစ်ဖြစ်၊ ပုဏ္ဏားကပဲ ဖြစ်ဖြစ်၊ ကုန်သည် လယ်သမားကပဲ ဖြစ် ဖြစ်၊ ဆင်းရဲသားကပဲ ဖြစ်ဖြစ်၊ အခြားဘယ်သူကပဲ ဖြစ်ဖြစ် ဥစ္စာပေးသူ အဲဒီလူတွေအား ကျွန်မ (ဗန္ဓုမတီ) က အညီအမျှပဲ (ညီတူညီမျှပဲ) ပြုစုပါတယ်။ ရှင်ဘုရင် ဆိုပြီး ထူးပြုစုတာ မရှိပါ။ ဆင်းရဲသားဆိုပြီး အထင် သေးတာ မရှိပါ။ ကျေနပ်မှု လောဘ၊ မကျေနပ်မှု ဒေါသကင်းကာ ဥစ္စာရှင်ကို ပြုစုပါတယ်။"

http://www.dhammadownload.com



"အရှင်မင်းကြီး ... ဒိဂင်္ဂါမြစ်ကြီးကို အထက်သို့ ပြန်စီးအောင် ဘုရားတပည့်မ လုပ်နိုင်တာဟာ အဲဒီ သစ္စာဆိုတာကြောင့် (သစ္စာပြုမှုကြောင့်)ပါပဲ။"

(မိလိန္ဒပဉှာပါဠိ၊ ၁၂၆)

## အသောကနဲ့ ပြည့်တန်ဆာမ

"မိလိန္ဒမင်းကြီး ... ပါဋလိပုတ်မြို့မှာ အသောက မင်းဟာ နိဂုံးသူ နိဂုံးသား၊ ဇနပုဒ်သူ ဇနပုဒ်သား၊ အမတ်၊ အခစား၊ စစ်တပ်၊ အမတ်ကြီးတွေနဲ့ ခြံရံကာ နေတယ်။ ဂင်္ဂါမြစ်က ရေအသစ်တွေနဲ့ ကောင်းကောင်း ပြည့်နေတယ်။ ကမ်းပါးနဲ့ ညီနေတယ်။ အလျားယူဇနာ (၅၀၀)ရှိတယ်။ အနံ အကျယ် တစ်ယူဇနာရှိတယ်၊ စီးဆင်းနေတယ်။ အသောကမင်းက အဲဒီမြစ်ကို မြင်လို့ "အို အမတ်တို့ ... ဒိဂင်္ဂါမြစ်ကို ရေညာသို့ ပြန်ဆန် တက်အောင် လုပ်နိုင်သူတစ်ယောက်တလေ ရှိသလား" လို့ အမတ်တွေကို မေးပါတယ်။ အမတ်တွေက "မင်း ကြီး လုပ်ဖို့ ခက်ပါတယ်"လို့ ပြောကြပါတယ်။

http://www.dhammadownload.com



အဲဒီဂင်္ဂါမြစ်ကမ်းမှာပဲ ရပ်နေတဲ့ ဗန္ဓုမတီ ပြည့်တန်ဆာမက "ဒီဂင်္ဂါမြစ်ကြီးကို ရေညာသို့ ပြန်ဆန်တက်အောင် လုပ်နိုင်ပါသလား"လို့ အသောကမင်းက မေးနေသတဲ့ ဆိုတာကို ကြားရတယ်။ ဗန္ဓုမတီပြည့်တန်ဆာမက "အကျွန်ုပ်ဟာ ပါဋလိပုတ်မြို့က ပြည့်တန်ဆာမပါ၊ ရုပ်ရည်အဆင်းနဲ့ အသက်မွေးသူပါ။ အရှင်မင်းဟာ ကျွန်မရဲ့ သစ္စာဆိုတာကို ရှုစားတော်မူပါ" လို့ ပြောပါတယ်။ အဲဒီအခါ ဗန္ဓုမတီက သစ္စာဆိုလိုက်ပါတယ်။ သူမ သစ္စာဆိုလိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခဏချင်းပဲ လူအများ ကြည့်နေတုန်း ဂင်္ဂါမြစ်ကြီးဟာ အသံမြည်ဟီးကာ ရေညာကို ဆန်တက်သွားပါတယ်။

အဲဒီအခါ အသောကမင်းက ဝဲ လှိုင်းရဲ့အဟုန်ကြောင့် ဖြစ်ပေါ်လာတဲ့ ဆူဆူညံညံအသံကို ကြားရလို့ အံ့ဩသွားတယ်။ အထူးအဆန်း ဖြစ်သွားတယ်။ "အမတ်တို့ ... ဒီဂင်္ဂါမြစ်ကြီးဟာ ဘာလို့ ရေညာကို ဆန်တက်ရတာပါလဲ"လို့ မေးတယ်။ "အရှင်မင်းကြီး

http://www.dhammadownload.com



ဗန္ဓုမတီဟာ အရှင်မင်းကြီးရဲ့စကားကို ကြားရလို့ သစ္စာဆိုလိုက်ပါတယ်။ သူမ သစ္စာဆိုလိုက်လို့ ဂင်္ဂါမြစ်ကြီးဟာ ရေညာကို ဆန်တက်ပါတယ်''လို့ ပြောပြကြတယ်။

အဲဒီအခါ အသောကမင်းက စိတ်နှလုံးတုန်လှုပ်သွားတယ်။ ရေးကြီးသုတ်ပျာ ကိုယ်တိုင် သွားပြီး ဗန္ဓုမတီပြည့်တန်ဆာမကို မေးလို့ ဗန္ဓုမတီက ဖြေပါတယ်။

''ဟဲ့ မန္ဓုမတီ ... သင်သစ္စာဆိုလို့ ဒီဂင်္ဂါမြစ်ဟာ ရေညာကို ဆန်တက်တယ်ဆိုတာ မှန်သလား။''

''အရှင်မင်းကြီး ... မှန်ပါတယ်။''

''အဲဒီကိစ္စမှာ သင့်အင်အား ရှိပါသလား၊ သင့်စကားကို အရူးမဟုတ်ရင် ဘယ်သူက ယုံမှာလဲ၊ ဘာအစွမ်းကြောင့် သင်ဟာ ဒီဂင်္ဂါမြစ်ကြီးကို ရေညာသို့ ဆန်တက်စေနိုင်ပါသလဲ။''

''အရှင်မင်းကြီး ... ကျွန်မဟာ သစ္စာစွမ်းအားနဲ့ ဒီဂင်္ဂါမြစ်ကြီးကို ရေညာသို့ ဆန်တက်စေခဲ့ပါတယ်''

http://www.dhammadownload.com



"သင်ဟာ သူခိုးမပဲ၊ ကာမအပျော်ကျူးသူပဲ၊ မသူတော်ပဲ၊ အရှက်မရှိသူပဲ၊ ယုတ်မာသူပဲ၊ သီလပျက်သူပဲ၊ အရှက်ကုန်နေသူပဲ၊ လူမိုက်တွေကို ဖြားယောင်းသူပဲ၊ သင့်မှာ သစ္စာစွမ်းအား ရှိသလား။"

"အရှင်မင်းကြီး ... မှန်ပါတယ်၊ ကျွန်မဟာ အဲဒီလို မိန်းမပါ၊ ကျွန်မသာ အလိုရှိရင် နတ်နဲ့တကွ လောကကြီး တစ်ခုလုံးကိုတောင် လှည့်ပစ်နိုင်ပါတယ်။ အဲဒီလို မိန်းမဖြစ်တဲ့ ကျွန်မမှာ သစ္စာဆိုတာ ရှိပါတယ်"

"အဲဒီသစ္စာဆိုပုံက ဘယ်လိုပါပဲ၊ တိုက်တွန်းပါတယ်၊ ငါ့ကို ပြောပြပါ"

ဗန္ဓုမတီက သူမရဲ့ သစ္စာဆိုပုံကို အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း ပြောပြလိုက်ပါတယ်။ (မိလိန္ဒပဥှပါဠိ၊ ၁၂၅၊ ၁၂၆)

* * * *

http://www.dhammadownload.com



# စီနမင်းနဲ့သစ္စာ

"မိလိန္ဒမင်းကြီး ... စီနတိုင်းမှာ စီနဆိုတဲ့မင်း ရှိတယ်။ အဲဒီမင်းဟာ သမုဒ္ဒရာကြီးမှာ ကစားလိုတဲ့ အခါ လေးလတိုင်း လေးလတိုင်းမှာ သစ္စာဆိုပြီး ရထား နဲ့အတူ သမုဒ္ဒရာကြီးအတွင်းမှာ တစ်ယူဇနာ ဝင်သွား တယ်။ အဲဒီရထားဦးရဲ့ ရှေ့က ရှေ့က ရေထုထည် ကြီးက နောက်ဆုတ်သွားတယ်၊ ရထားထွက်သွားတော့ တစ်ဖန် ပြန်လွှမ်းလာတယ်။"

"မိလိန္ဒမင်းကြီး ... အဲဒီသမုဒ္ဒရာကြီးကို နတ် လူနဲ့တကွ လောကကြီးတစ်ခုလုံးက ပကတိကိုယ်အား နဲ့ နောက်ဆုတ်သွားအောင် လုပ်နိုင်ပါသလား။"

"အရှင်ဘုရား နာဂသေန ... ရေအလွန်နည်း နည်းလေးရှိတဲ့ တစ်ဖက်ဆည်ကန်ထဲက ရေကိုတောင် နတ် လူနဲ့တကွ လောကကြီးတစ်ခုလုံးက ပကတိကိုယ် အားနဲ့ နောက်ဆုတ်သွားအောင် မလုပ်နိုင်ပါ။ သမုဒ္ဒရာ ကြီးထဲက ရေကိုတော့ ပြောစရာတောင် မလိုပါ။"

http://www.dhammadownload.com



"မိလိန္ဒမင်းကြီး ... ဒီအကြောင်းကြောင့် သစ္စာစွမ်းအားကို ဒီလို သိနိုင်ပါတယ်။

"သစ္စာ မရောက်နိုင်၊ မရနိုင်တဲ့အရာ ဆိုတာမရှိ။" (မိလိန္ဒပဉှာပါဠိ၊ ၁၂၅)

* * * *

## ဘုရားလောင်းငုံးမင်းရဲ့ သစ္စာဆိုပုံ

"ငါ့မှာ အတောင်တွေတော့ ရှိပါတယ်။ အဲဒီအတောင်တွေ ဖြန့်ပြီး ကောင်းကင်မှာ မပျံနိုင်သေးပါ။ ငါ့မှာ ခြေထောက်တွေတော့ ရှိပါတယ်။ အဲဒီခြေထောက်တွေကို မြှောက်ပြီး မသွားနိုင်သေးပါ။ မိဘတွေက ငါ့ကိုအသိုက်ထဲမှာပဲ စွန့်ပစ်ကာ ပြေးသွားကြပါပြီ။ အို တောမီးကြီး ... အဲဒါတွေသာ အမှန်တွေ ဖြစ်ခဲ့ရင် အဲဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သင်တောမီးကြီးဟာဒီနေရာကနေ ရှောင်ဖဲသွားပါ။"

http://www.dhammadownload.com



သန္တိ ပက္ခာ အပတနာ၊
သန္တိ ပါဒါ အဝဉ္စနာ။
မာတာပိတာ စ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။ (ဇာတ်၊ ၄၊ ပ၊ ၂၃၀)

**သစ္စာအကျိုး**

ငုံးလေးက အဲဒီလို သစ္စာဆိုလိုက်တာနဲ့ တစ်ပြိုင်နက် တောမီးကြီးဟာ (၁၆)ကရီသလောက်ရှိတဲ့အရပ်မှာ နောက်ဆုတ်သွားပါတယ်။ နောက်ဆုတ်ပြီး အခြားနေရာကို သွားပါတယ်။ ရေမှာ မျောပါလာတဲ့ မီးရှူးပမာ အဲဒီနေရာမှာပဲ ငြိမ်းသွားပါတယ်။ အဲဒီနေရာဟာ ဒီတစ်ကမ္ဘာသက်တမ်းတစ်ခုလုံးမှာလည်း မီးမလောင်နိုင်ပါ။ တစ်ကမ္ဘာတည်တဲ့ အံ့ဩဖွယ်ဖြစ်ရပ်ဆန်း ဖြစ်ပါတယ်။ (ဇာတ်၊ ၄၊ ပ၊ ၂၃၁)

**ငုံးလေးရဲ့အတွေး**

ငုံးလေးက သစ္စာမဆိုခင် ဒီလို တွေးဆင်ခြင်ပါတယ်။

http://www.dhammadownload.com



"ဒီလောကမှာ သီလဂုဏ်ကျေးဇူးဆိုတာ ရှိတယ်၊ သစ္စာရဲ့ ဂုဏ်ကျေးဇူးဆိုတာ ရှိတယ်။ ရှေးက ပါရမီတွေကို ဖြည့်ကျင့်ကာ ဗောဓိပင်အောက်မှာ ထိုင်ကာ သဗ္ဗညု (အကုန်သိ) ဘုရားရှင်အဖြစ် ရောက်ကြတဲ့ ဘုရားရှင်တွေဆိုတာ ရှိကြတယ်။ အဲဒီဘုရားရှင်တွေဟာ သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်, ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်တွေနဲ့ ပြည့်စုံတော်မူကြတယ်။ သစ္စာ, စင်ကြယ်မှု, အကြင်အနာကရုဏာ, သည်းခံမှုခန္တီတွေနဲ့ ပြည့်စုံတော်မူကြတယ်။

သတ္တဝါအားလုံးအပေါ် တန်းတူညီမျှ မေတ္တာထားတော်မူကြတယ်။ အဲဒီဘုရားရှင်တွေ ထိုးထွင်းသိထားတဲ့ တရားဂုဏ်တွေလည်း ရှိကြတယ်။ ငါ့မှာလည်း သစ္စာတစ်ခု ရှိပါတယ်။ ထင်ရှားရှိတဲ့ သဘာဝတရားတစ်ခုဟာ ထင်ရှားတယ်။ ဒါကြောင့် အတိတ်ဘုရားရှင်တွေကိုရော အဲဒီဘုရားရှင်တွေ ထိုးထွင်းသိထားတဲ့ တရားဂုဏ်တွေကိုပါ ဆင်ခြင်ပြီး ငါ့မှာ ရှိတဲ့ အမှန်သဘာဝတရားကို ယူကာ သစ္စာပြုပြီး မီးကို ဖဲသွား

http://www.dhammadownload.com



စေကာ ဒီနေ့ ငါဟာ ငါနဲ့ ငါ့ဆွေမျိုးငှက်တွေ ဘေး ကင်းပြီး ချမ်းသာအောင် လုပ်သင့်တယ်။'' (ဇာတ်၊ ၄၊ ပ၊ ၂၂၉)

* * * *

## ငါးမင်းရဲ့ သစ္စာဆိုပုံ

''ငါဟာ ကိုယ့်ကိုယ်ကို မှတ်မိတဲ့အချိန်ကစပြီး တတ်သိနားလည်တဲ့အရွယ် ရောက်ပြီးချိန်က စပြီး ဇာတ်တူချင်းစားတဲ့ ငါးမျိုးမှာ ဖြစ်ပေမယ့် ဆန်စေ့ လောက်၊ ဆန်ကွဲလောက်ရှိတဲ့ ငါးကောင်လေးကိုတောင် မစားဖူးပါ။ အခြားသတ္တဝါတစ်ကောင်ကိုတောင်မှ ညှဉ်း ဆဲတာကို မသိပါ။ သတ်တာကိုတော့ မပြောပါနဲ့တော့။ ငါဟာ သတ္တဝါတစ်ကောင်ကိုတောင် မညှဉ်းဆဲတာကို ပြောခဲ့ပါတယ်။ အဲဒီစကား မှန်ခဲ့ရင် အဲဒီသစ္စာစကား ကြောင့် မိုးရွာပါစေသတည်း။''

ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ ဝိညုတံ။

http://www.dhammadownload.com



နာဘိဇာနာမိ သဋ္ဌိစွ၊
ကေပါဏာမ္ပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
ပဇ္ဇုန္နော အဘိဝဿတု။ (စရိယာ၊ ၄၁၊ ၂၃၀)

## သစ္စာအကျိုး

ဘုရားလောင်းငါးမင်းဟာ မိုးနတ်သားကို ခေါ်ဝေါ်ပြီး ကောသလတစ်နိုင်ငံလုံးမှာ မိုးအကြီးအကျယ် ရွာသွန်းစေပါတယ်။ သစ္စာဆိုပြီးချင်း မိုးထစ်ချုန်းပြီး ရွာသွန်းရာ ကုန်းရော ချိုင့်ပါ ပြည့်သွားပါတယ်။ ရေအိုးကို မှောက်သွန်ချလိုက်သလို ရွာချပြီး ကောသလတစ်နိုင်ငံလုံးကို မိုးရေအလျဉ်ကြီးနဲ့ လွှမ်းမိုးသွားပါတယ်။ မိုးက မပြတ်ရွာသွန်းလို့ တစ်ခဏနဲ့ပဲ အဲဒီရေအိုင်ကြီး ပြည့်သွားပါတယ်။ ငါးတွေဟာ သေဘေးမှ လွတ်သွားကြပါတယ်။ ငါးတွေကို စားတဲ့ ကျီးစတဲ့ ငှက်တွေဟာ ထောက်တည်ရာမရ ဖြစ်သွားကြပါတယ်။ ငါးတွေသာမက မိုးကို မှီပြီး အသက်မွေးကြရတဲ့ လူ

http://www.dhammadownload.com



တွေရော တိရစ္ဆာန်တွေပါ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှ လွတ် သွားကြပါတယ်။ (စရိယာပိဋက၊ ဋ္ဌ၊ ၁၃၁-၂)

**ငါးမင်းရဲ့အတွေး**

ဘုရားလောင်းငါးမင်းက မိုးခေါင်လို့ ကျီးစတဲ့ သတ္တဝါတွေက စားလို့ ငါးတွေ သေကြတာကို မြင်ရလို့ အလွန်အကဲ သနားတဲ့အတွက် ဒီလို တွေးပါတယ်။

"ငါမှတစ်ပါး အခြားသူက ဒီငါ့ဆွေမျိုး ငါးတွေကို ဒီဒုက္ခက လွတ်အောင် လုပ်ပေးနိုင်သူ မရှိ။ ငါဟာ ဘယ်နည်းနဲ့ သူတို့ကို ဒီဒုက္ခက လွတ်အောင် လုပ်ရ ပါ့မလဲ။"

"ရှေးဘုရားရှင်တွေ လေ့ကျင့်ခဲ့တဲ့ အလေ့အကျင့် နဲ့ ငါ့မှာ ရှိတဲ့ သစ္စာတရားကို အမှီပြုပြီး သစ္စာဆိုကာ မိုးရွာစေပြီး ငါ့ဆွေမျိုး ငါးအပေါင်းအား အသက်အလှူ လှူရရင် ကောင်းလေစွ၊ အဲဒီနည်းနဲ့ ငါဟာ အာဟာရ ကို မှီပြီး အသက်မွေးကြတဲ့ သတ္တဝါအားလုံးလည်း ကျေးဇူးပြုပြီးဖြစ်လိမ့်မယ်။" (စရိယာပိဋက၊ ဋ္ဌ၊ ၂၂၉)

http://www.dhammadownload.com



# ဗောဇ္ဈင်နဲ့ ပတ်သက်ပြီး သစ္စာဆိုပုံ

"သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ ဆိုတဲ့ ဗောဇ္ဈင်ခုနစ်ပါးကို အကုန်သိမြင်တဲ့ ဘုရားရှင်က ကောင်းစွာ ဟောတော်မူထားပါတယ်။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများရင်, ကြိမ်ဖန်များစွာ ပြုလုပ်ရင် ဉာဏ်ထူးနဲ့ သိဖို့, နိဗ္ဗာန်ရောက်ဖို့, မဂ်ဉာဏ်ရဖို့ ဖြစ်ပါတယ်။"

"ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ရောဂါကင်းပြီး ကျန်းမာပါစေ။"

(ဗောဇ္ဈင်္ဂသုတ်ပရိတ်)

## မထေရ်နှစ်ပါးနဲ့ ဗောဇ္ဈင်

"တစ်ခါက ဘုရားရှင်ဟာ အရှင်မောဂ္ဂလာန်နဲ့ အရှင်ကဿပတို့နှစ်ပါး မကျန်းမမာဖြစ်ကာ ကိုယ်ဆင်းရဲဖြစ်နေတာကို တွေ့ရလို့ ဗောဇ္ဈင်ခုနစ်ပါးတရားကို ဟောပါတယ်။ အဲဒီမထေရ်နှစ်ပါးကလည်း အဲဒီဗောဇ္ဈင်တရားကို သဘောကျပြီး အဲဒီခဏမှာ ရောဂါက ကင်းလွတ်သွားကြပါတယ်။"

http://www.dhammadownload.com



"ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ရောဂါကင်းပြီး ကျန်းမာပါစေ။"

(ဗောဇ္ဈင်္ဂသုတ်ပရိတ်)

## ဘုရားရှင်နဲ့ ဗောဇ္ဈင်

တစ်ခါက ဘုရားရှင်ကိုလည်း မကျန်းမာမှုက နှိပ်စက်လို့ ဘုရားရှင်က စုန္ဒမထေရ်ကို အဲဒီဗောဇ္ဈင်တရား ခုနစ်ပါးကိုပဲ ရိုရိုသေသေ အရွတ်ခိုင်းကာ နာပြီး ဝမ်းမြောက်ကာ အဲဒီရောဂါမှ တစ်ခဏချင်းပဲ ထမြောက်သွားပါတယ်။"

"ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ရောဂါကင်းပြီး ကျန်းမာပါစေ။"

(ဗောဇ္ဈင်္ဂသုတ်ပရိတ်)

## အရှင်မြတ်သုံးပါးနဲ့ သစ္စာ

"ဘုရားရှင်၊ အရှင်မောဂ္ဂလာန်၊ အရှင်ကဿပ အရှင်မြတ်သုံးပါးတို့ရဲ့ အဲဒီရောဂါတွေဟာ တစ်ခါတည်း ပျောက်သွားပါတယ်။ မဂ်နဲ့ ပယ်သတ်လိုက်တဲ့ ကိလေသာတွေလို နောင်တစ်ဖန် ပေါ်မလာကြတော့ပါ။"

http://www.dhammadownload.com



"အဲဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ရောဂါကင်းပြီး ကျန်းမာပါစေ"

(ဗောဇ္ဈင်္ဂသုတ်ပရိတ်)

## ဗောဇ္ဈင်နဲ့ ပတ်သက်ပြီး သစ္စာဆိုပုံပါဠိ

* ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာပရေ။

* သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေ'တေ သဗ္ဗဒဿိနာ၊
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။

* သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

http://www.dhammadownload.com



## မထေရ်နှစ်ပါးနဲ့ ဗောဇ္ဈင်ပါဠိ

*   ကေသွိံ သမယေ နာထော၊
    မောဂ္ဂလ္လာနဉ္စ ကဿပံ။
    ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
    ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

*   တေ စ တံ အဘိနန္ဒိတွာ၊
    ရောဂါ မုစ္စိံသု တင်္ခဏေ။
    ဧတေန သစ္စဝဇ္ဇေန၊
    သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

## ဘုရားရှင်နဲ့ ဗောဇ္ဈင်ပါဠိ

*   ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိပီဠိတော။
    စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

*   သမ္မောဒိတွာန အာဗာဓာ၊
    တမှာ ဝုဋ္ဌာသိ ဌာနသော။
    ဧတေန သစ္စဝဇ္ဇေန၊
    သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

http://www.dhammadownload.com



## အရှင်မြတ်သုံးပါးနဲ့ သစ္စာပါဠိ

* ပဟီနာ တေ စ အာဟာခ၊
တိဏ္ဏာန္နမ္ပိ မဟေသိနံ။
မဂ္ဂဟာတာ ကိလေသာဝ၊
ပတ္တာ'နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
(မဟာဝဂ္ဂသံယုတ်၊ ၇ဝ၊ ၇၂၊ ၇၃–မှာ စုဏ္ဏိယ
အဖြစ်နဲ့ လာပါတယ်။)

* * * *

## မဟာကရုဏာရှင်နဲ့သစ္စာ

"အသနားအကြင်နာ ကရုဏာကြီးမားတော်မူတဲ့ ဘုရားရှင်ဟာ သတ္တဝါအားလုံးရဲ့ စီးပွားအလို့ငှါ ပါရမီအားလုံးကို ဖြည့်ပြီး ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူပါတယ်။"

http://www.dhammadownload.com



"ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ရောဂါကင်းပြီး ကျန်းမာပါစေ။"

* မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ'မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
(ပုဗ္ဗဏှသုတ်ပရိတ်)

## ရတနာသုံးပါးနဲ့သစ္စာ

"လူ့ဘုံ၊ နဂါး၊ ဂဠုန်ဘုံ၊ နတ်ဘုံတွေမှာ ရတနာ မြတ်မျိုးစုံ ရှိပါတယ်။ အဲဒီရတနာမျိုးစုံထဲမှာ ဘုရား, တရား, သံဃာ ရတနာသုံးပါးနဲ့တူတဲ့ ရတနာဆိုတာ မရှိရိုးအမှန်ဖြစ်ပါတယ်။ အဲဒီဘုရား, တရား, သံဃာဟာ အမြတ်ဆုံးရတနာဖြစ်ပါတယ်။ ဒီသစ္စာစကား ကြောင့် သတ္တဝါအားလုံးမှာ ဘေးရန်ကင်းကွာ ချမ်းသာပါစေ"

http://www.dhammadownload.com



ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ (ဓမ္မေ၊ သံဃေ) ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ပုဗ္ဗဏှသုတ်ပရိတ်)

* * * *

## အရှင်အင်္ဂုလိမာလရဲ့ သစ္စာဆိုပုံ

"နှမ ... ငါဟာ အရိယဇာတ်နဲ့ ဖြစ်ပြီးချိန်က စပြီး သေစေလိုတဲ့ စိတ်နဲ့ သတ္တဝါကို သတ်တာကို ငါ မသိပါ။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သင့်မှာ ဘေးရန်ကင်းကွာ ချမ်းသာပါစေ၊ ကိုယ်ဝန် လွယ်ကူစွာ ဖွားမြင်ပါစေ။"

* ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော။

http://www.dhammadownload.com



နာဘိဇာနာမိ သဠိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။

တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။ (မဇ္ဈိမပဏ္ဏာသပါဠိ၊ ၃၀၆)

## သစ္စာအကျိုး

သာဝတ္ထိမြို့ထဲမှာ အရှင်အင်္ဂုလိမာလဟာ အိမ်စဉ် ဆွမ်းခံလှည့်လည်တဲ့အခါ မီးမဖွားနိုင်လို့ ဒုက္ခရောက် နေရှာတဲ့ အမျိုးသမီးကို မြင်ပါတယ်။ သနားလို့ ဘုရား ရှင်အား လျှောက်ထားပြတဲ့အခါ အဲဒီအမျိုးသမီးထံ သွားပြီး အထက်က ဖော်ပြခဲ့တဲ့အတိုင်း သစ္စာဆိုဖို့ ဘုရားရှင်က မိန့်တော်မူလိုက်ပါတယ်။ ရွတ်လိုက်တဲ့ အခါ အဲဒီအမျိုးသမီးမှာ ချမ်းချမ်းသာသာ ဖွားမြင်သွား ပါတယ်။ (မဇ္ဈိမပဏ္ဏာ၊ ပါဠိ၊ ၃၀၆)

အရှင်အင်္ဂုလိမာလ ဆွမ်းခံဝင်တဲ့အခါ လူတွေက သူ့ကို မြင်ပြီး ထိတ်လန့်လည်း ထိတ်လန့်ကြတယ်။ ပြေးလည်း ပြေးကြတယ်။ တံခါးကိုလည်း ပိတ်ကြ

http://www.dhammadownload.com



တယ်။ တချို့က အင်္ဂုလိမာလလို့ ကြားရုံနဲ့ပဲ ပြေးကာ တောထဲ ဝင်သွားကြတယ်။ ဒါမှမဟုတ် အိမ်ထဲ ဝင်ပြီး တံခါးကို ပိတ်ထားကြပါတယ်။ မပြေးနိုင်သူတွေက ကျောပေးပြီး ရပ်တည်နေကြတယ်။

အရှင်အင်္ဂုလိမာလမှာ ယာဂုတစ်ယောက်ချို၊ ဆွမ်းတစ်ဖွန်းကိုတောင် မရ၊ ဆွမ်းနဲ့ ပင်ပန်းပါတယ်။ အပြန်မှာ မြို့ထဲ ဝင်တယ်။ အရှင်အင်္ဂုလိမာလ ဝင်ရာ တံခါးမှာ အရှင်အင်္ဂုလိမာလ ကြွလာတယ်ဆိုပြီး ကြောက်လို့ အိုးတွေကို စွန့်ပစ်ကာ ပြေးကြတယ်။ မီးဖွားဖို့ ခက်နေတဲ့ အမျိုးသမီးကို သနားလို့ သွားတဲ့အခါ သစ္စာဆိုပြီး ချမ်းသာအောင် လုပ်ပေးဖို့ လာကြောင်းကို အင်္ဂုလိမာလက အပြောခိုင်းပါတယ်။

အဲဒီကနောက် အဲဒီလူတွေက ကန့်လန့်ကာနဲ့ ကာပြီး အရှင်အင်္ဂုလိမာလမထေရ်အတွက် ထိုင်စရာကို ကန့်လန့်ကာ အပြင်ဘက်မှာ ခင်းပေးကြပါတယ်။ မထေရ်က အဲဒီမှာ ထိုင်ပြီး အထက်မှာ ဖော်ပြခဲ့တဲ့ အတိုင်း သစ္စာဆိုလိုက်ပါတယ်။ သစ္စာဆိုလိုက်တာနဲ့

http://www.dhammadownload.com



တစ်ပြိုင်နက်တည်းပဲ ရေစစ်က ထွက်လာတဲ့ရေပမာ အမိဝမ်းက ကလေး ထွက်လာပါတယ်။ အမေရော သားပါ ချမ်းသာသွားပါတယ်။ ဒီအင်္ဂုလိမာလပရိတ်က မချေဖျက်နိုင်တဲ့ ဘေးရန်ဆိုတာ မရှိပါ။ ဒီပရိတ်ကို တန်ခိုးကြီးလို့ မဟာပရိတ်လို့ ဆိုပါတယ်။

မထေရ်က ထိုင်ပြီး သစ္စာဆိုမှု ပြုတဲ့နေရာမှာ ကုလားထိုင်ကို ခင်းကြတယ်။ သားဖွားဖို့ ခက်နေတဲ့ တိရစ္ဆာန်မကိုတောင် ဆောင်ယူပြီး အဲဒီမှာ ထိုင်စေကြ ပါတယ်။ အဲဒီခဏမှာပဲ ချမ်းချမ်းသာသာနဲ့ မီးဖွားပါ တယ်။ အားနည်းသူဖြစ်နေလို့ သယ်ဆောင်လို့ မရ ရင် အဲဒီကုလားထိုင်ကို ဆေးကြောတဲ့ ရေကို သယ်ယူ ကာ အဲဒီကိုယ်ဝန်ဆောင်မရဲ့ ဦးခေါင်းပေါ် သွန်းလောင်း ကြပါတယ်။ အဲဒီခဏမှာပဲ မီးဖွားပါတယ်။ အခြား ရောဂါကိုလည်း ပျောက်ကင်းစေပါတယ်။ အဲဒါဟာ တစ်ကမ္ဘာပတ်လုံး တည်မယ့်တန်ခိုး ဖြစ်ပါသတဲ့။

http://www.dhammadownload.com



(မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၂၇၇)

## သနားစရာ အရှင်အင်္ဂုလိမာလ

အရှင်အင်္ဂုလိမာလက ရဟန္တာဖြစ်ပြီးတဲ့အခါ နံနက်ပိုင်းမှာ သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်ပါတယ်။ ကျီး၊ ခွေး၊ ဝက် စတဲ့ တိရစ္ဆာန်တွေကို အခြားသူ ပစ်လိုက်တဲ့ ခဲဟာ အရှင်အင်္ဂုလိမာလရဲ့ ကိုယ်ပေါ်မှာ ကျတယ်။ တုတ်၊ ကျောက်ခဲတွေလည်း ကျပါတယ်။ အရှင်အင်္ဂုလိမာလရဲ့ ဦးခေါင်း ကွဲပါတယ်။ သွေး ယိုစီးကျပါတယ်။ သပိတ် ကွဲပါတယ်။ သင်္ကန်းကြီး စုတ်ပြဲပါတယ်။ ပေါက်ကွဲပါတယ်။

ဘုရားရှင်ထံ သွားတဲ့အခါ ဘုရားရှင်က ''အင်္ဂုလိမာလ ... သည်းခံပါ၊ အင်္ဂုလိမာလ ... သည်းခံပါ။ အကုသိုလ်ကံရဲ့ အကျိုးကို ဒီဘဝမှာပဲ သင် ခံစားနေရတယ်''လို့ မိန့်တော်မူပါတယ်။ (မဇ္ဈိမပဏ္ဏာသပါဠိ၊ ၃၀၇)

* * * *

http://www.dhammadownload.com



# မိခင်ပါရိကာရဲ့ သစ္စာဆိုပုံ

"ဒီသုဝဏ္ဏသာမဟာ ရှေးက ကုသလကမ္မပထ တရား ဆယ်ပါးကို ကျင့်ခဲ့ပါတယ်။ အဲဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ် ပြယ်ပါစေ။"

## ဒုတိယသစ္စာဆိုပုံ

"ဒီသုဝဏ္ဏသာမဟာ ရှေ့က အကျင့်မြတ်ကို ကျင့်ခဲ့ပါတယ်။ ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ် ပြယ်ပါစေ။"

## တတိယသစ္စာဆိုပုံ

"ဒီသုဝဏ္ဏသာမဟာ ရှေ့ကမှန်တဲ့ စကားကိုသာ ပြောခဲ့ပါတယ်။ ရယ်စရာအနေနဲ့တောင် လိမ်ညာ မပြောပါ။ ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ်ပြယ်ပါစေ။"

http://www.dhammadownload.com



**စတုတ္ထသစ္စာဆိုပုံ**

"ဒီသုဝဏ္ဏသာမဟာ မပျင်းမရိ နေ့ရောညပါ မိဘတွေကို ပြုစုလုပ်ကျွေးခဲ့ပါတယ်။ ဒီမှန်ကန်စွာဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ်ပြယ်ပါစေ။"

**ပဉ္စမသစ္စာဆိုပုံ**

"ဒီသုဝဏ္ဏသာမဟာ အမျိုးထဲက ကြီးသူတွေကို ရိုသေခဲ့ပါတယ်။ ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ် ပြယ်ပါစေ။"

**ဆဋ္ဌမသစ္စာဆိုပုံ**

"ဒီသုဝဏ္ဏသာမကို ငါ့ရဲ့အသက်ထက် ငါ ပိုချစ်ပါတယ်။ ဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ်ပြယ်ပါစေ။"

ယေန သစ္စေန ယံ သာမော၊
ပါဏာ ပိယတရော မမ။
တေန သစ္စဝဇ္ဇေန၊
ဝိသံ သာမဿ ဟညတု။

http://www.dhammadownload.com



## သစ္စာမသစ္စာဆိုပုံ

"ငါရော သင့်ဖခင်ပါ ပြုလုပ်ထားတဲ့ ကောင်းမှုကုသိုလ် အားလုံးကြောင့် သုဝဏ္ဏသာမမှာ မြှားဆိပ်ပြယ်ပါစေ။"

ယံကိဉ္စိတ္ထိ ကတံ ပုညံ၊
မယှဉ္စေဝ ပိတုစ္စ (မာတုစ္စ) တေ။
သဗ္ဗေန တေန ကုသလေန၊
ဝိသံ သာမဿ ဟညတု။

(ဇာတ်၊ ၄၊ ဆ၄၊ ၁၁၂)

## သစ္စာအကျိုး

မျက်မမြင် မိခင်ပါရိကာက အဲဒီလို သစ္စာဆိုပြီးတဲ့အခါ သုဝဏ္ဏသာမဟာ လူးလိမ့်ပြီး လဲလျောင်းနေပါတယ်။ သုဝဏ္ဏသာမရဲ့ ရင်ဘတ်ပေါ် မိခင် ပါရိကာဟာ လက်တင်ပြီး သစ္စာဆိုလိုက်တာ ဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဒုကူလက "ငါ့သား အသက်ရှင်တယ်၊ ငါလည်း သူ့အတွက် သစ္စာဆိုမယ်"လို့ ပြောပြီး ပါရိကာ

http://www.dhammadownload.com



ဆိုသလိုပဲ ခုနစ်ကြိမ် သစ္စာဆိုပါတယ်။ သစ္စာဆိုလိုက်တဲ့အခါ သုဝဏ္ဏသာမဟာ လူးလိမ့်ပြီး အခြားနံပါးတစ်ဖက်နဲ့ လဲလျောင်းသွားပါတယ်။ (ဇာတ်၊ ၄၊ ဆ၄၊ ၁၁၂၊ ၃)

## နတ်သမီးရဲ့ သစ္စာဆိုပုံ

လွန်ခဲ့တဲ့ ခုနစ်ဘဝမြောက်က မိခင်ဖြစ်ခဲ့တဲ့ ဗဟုသုန္ဒရီ နတ်သမီးကလည်း သစ္စာဆိုပါတယ်။

"ငါဟာ ဂန္ဓမာဒနာတောင်မှာ ကြာမြင့်စွာ နေခဲ့ပါတယ်။ ငါ့မှာ သုဝဏ္ဏသာမထက် ပိုပြီး ချစ်ရသူ အခြား တစ်စုံတစ်ယောက်မှ မရှိပါ။ အဲဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ ပြေယ်ပါစေ။"

"ဂန္ဓမာဒနတောင်မှာ သစ်ပင်အားလုံးဟာ အနံ့နဲ့ ပြီးကြပါတယ်။ (မွေးကြိုင်နေကြတယ်)၊ အဲဒီမှန်ကန်စွာ ဆိုရတဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ မြားဆိပ် ပြေယ်ပါစေ။" (ဇာတ်၊ ၄၊ ဆ၄၊ ၁၁၃)

http://www.dhammadownload.com



## သစ္စာအကျိုး

နတ်သမီးရဲ့ သစ္စာစကားအဆုံးမှာ သုဝဏ္ဏသာမဟာ လျင်မြန်စွာ ထပါတယ်။ ပဒုမ္မာကြာရွက်ပေါ်က ရေပေါက်ပမာ သုဝဏ္ဏသာမရဲ့ မြားဆိပ်ဟာ ကင်းပျောက်ကာ အနာရောဂါလည်း ကင်းပျောက်သွားပါတယ်။ မြားပစ်ခံရတဲ့ နေရာတောင် မထင်ရှားတော့ပါ။

တစ်ပြိုင်နက်တည်း (တစ်ခဏတည်း) ဖြစ်တာတွေက -

၁။ သုဝဏ္ဏသာမမှာ အနာရောဂါ ကင်းသွားတယ်။

၂။ မိဘနှစ်ပါး ဒုကူလနဲ့ ပါရိကာမှာ မျက်စိပြန်မြင်လာတယ်။

၃။ အရုဏ်တက်တယ်။

၄။ နတ်သမီးရဲ့အစွမ်းကြောင့် အဲဒီလူလေးဦးလုံး သင်္ခမ်းကျောင်းမှာပဲ ထင်ရှားဖြစ်ကြတယ်။

မိဘနှစ်ပါးဟာ "ငါတို့လည်း မျက်စိမြင်ရပြီ။ သုဝဏ္ဏသာမလည်း ရောဂါကင်းပြီ"လို့ ဆိုကာ အတိုင်း

http://www.dhammadownload.com



ထက်အလွန် ဝမ်းသာနေကြပါတယ်။ (ဇာတ်၊ ၄၊ ဆ၄၊ ၁၁၄)

* * * *

## နိဗ္ဗာန်တရားနဲ့ သစ္စာဆိုပုံ

နိဗ္ဗာန်မှာ ရာဂစတဲ့ ကိလေသာတွေ ကုန်တယ်၊ ကင်းတယ်။ မွေး၊ အို၊ သေ ကင်းတယ်။ သိလို့မဝ မွန်မြတ်တယ်။ အဲဒီနိဗ္ဗာန်ကို သမာဓိရှိတဲ့ ဘုရားရှင် ဟာ ရခဲ့ပါတယ်။ အဲဒီနိဗ္ဗာန်တရားနဲ့ တူတဲ့ တရား တစ်စုံတစ်ခု မရှိပါ။ ဒီနိဗ္ဗာန်တရားဟာလည်း လောကီ လောကုတ္တရာ ရတနာတွေထက် သာလွန်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါ တွေမှာ ဘေးရန်ကင်းပါစေ။

* ခယံ ဝိရာဂံ အမတံ ပဏီတံ၊

ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။

န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊

http://www.dhammadownload.com



ဣဓဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဌ ပါဠိ၊ ၅)

* * * *

## မဂ်တရားနဲ့ သစ္စာဆိုပုံ

မြတ်စွာဘုရားဟာ မဂ်သမာဓိကို ကိလေသာ အညစ်အကြေးမှ စင်ကြယ်တယ်လို့ ချီးမွမ်းတော်မူပါတယ်။ အဲဒီမဂ်သမာဓိဟာ အခြားမဲ့မှာ ဖိုလ်အကျိုးကို ပေးနိုင်တယ်လို့ မိန့်တော်မူကြပါတယ်။ အဲဒီမဂ်သမာဓိ နဲ့တူတဲ့ သမာဓိ မရှိ။ ဒီမဂ်သမာဓိတရားဟာ သမာဓိ အားလုံးထက် သာလွန်တဲ့ ရတနာ ဖြစ်ပါတယ်။ အဲဒီ မှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေး ရန်ကင်းပါစေ။

* ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ'မာနန္တရိကည'မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ။

http://www.dhammadownload.com



ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဌပါဠိ၊ ၅)

* * * *

## သံဃာရတနာနဲ့ပတ်သက်ပြီး သစ္စာဆိုပုံ

သူတော်ကောင်းတွေရဲ့ အချီးမွမ်းခံရတဲ့ အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊ မဂ်ဖိုလ်နှစ်ပါးကို တစ်စုံထားရင် လေးစုံသော ဘုရားတပည့်တော်တွေဟာ မြတ်တဲ့အလှူကို ခံယူထိုက်ကြပါတယ်။ အဲဒီအရိယာတွေမှာ လှူတဲ့အလှူဟာ အကျိုးကြီးမားပါတယ်။ ဒီအရိယာသံဃာဟာလည်း အလှူခံအားလုံးထက် သာလွန်မြင့်မြတ်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

* ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ။
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊

http://www.dhammadownload.com



ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဌပါဠိ၊ ၅)

* * * *

## သံဃာရတနာနဲ့ပတ်သက်ပြီး သစ္စာဆိုပုံ

ဂေါတမဘုရားသာသနာမှာ ရဟန္တာပုဂ္ဂိုလ်တွေဟာ ကိုယ် နှုတ်အမူ အလွန်စင်ကြယ်ကြပါတယ်။ သမာဓိ ခိုင်မာတော်မူကြပါတယ်။ ကိလေသာထွက်ကြောင်း ပညာ, ဝီရိယ ရှိကြပါတယ်။ ရောက်ထိုက်တဲ့ အရဟတ္တဖိုလ်ကို ရောက်ထားကြပါတယ်။ နိဗ္ဗာန်ကို အာရုံယူကာ နိဗ္ဗာန်ကို အခမဲ့ ရရှိကြပါတယ်။ ကိလေသာ အပူငြိမ်းတဲ့ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူကြပါတယ်။ အဲဒီရဟန္တာသံဃာဟာလည်း ကျန်အရိယာတို့ထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

http://www.dhammadownload.com



*   ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဌပါဠိ၊ ၅)

* * * *

## သောတာပန်အရိယာသံဃာ့ဂုဏ်နဲ့သစ္စာဆိုပုံ

မြေကြီးထဲ ကောင်းစွာ စိုက်ထားတဲ့ အနှစ်ရှိတံခါး တိုင်ဟာ အရပ်လေးမျက်နှာက လေကြောင့် မတုန်လှုပ် သလို အရိယသစ္စာလေးပါးကို ဉာဏ်နဲ့ သက်ဝင်ပြီး မြင်ထားတဲ့ သောတာပန် အရိယာဟာ အယူမှားမှန် သမျှ လေကြောင့် မတုန်လှုပ်ပါ။ ဒါကြောင့် သောတာ ပန်ဟာ တံခါးတိုင်နဲ့ တူတယ်လို့ ငါဘုရား ဟောတော် မူတယ်။ ဒီသောတာပန် အရိယာသံဃာဟာလည်း ပုထု

http://www.dhammadownload.com



ဖျော်တို့ထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေး ရန်ကင်းပါစေ။

* ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ခုဒ္ဒကပါဌပါဠိ၊ ၆)

* * * *

## အနိမ့်ဆုံး သောတာပန်ဂုဏ်နဲ့ သစ္စာဆိုပုံ

နက်နဲပညာရှင်ဘုရားက ကောင်းစွာ ဟောထားတဲ့ အရိယသစ္စာလေးပါးဟာ သောတာပန်မှာ ထင်ရှားနေ ပါတယ်။ သောတာပန်တွေဟာ ပြင်းထန်စွာ မေ့လျော့

http://www.dhammadownload.com



ကြပေမယ့် ရှစ်ခုမြောက် ဘဝကို မယူကြတော့ပါ။ ဒီသောတာပန်သံဃာဟာလည်း ပုထုဇဉ်တို့ထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

* ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမံ အာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဠပါဠိ၊ ၆)

အဲဒီသောတာပန်မှာ သောတာပတ္တိမဂ်နဲ့ ပြည့်စုံသည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဒိဋ္ဌိ ဆိုတဲ့ တရားသုံးပါးနဲ့ အပါယ်ရောက်ကြောင်း ကိလေသာအားလုံးကို ပယ်ပြီးဖြစ်ပါတယ်။ အပါယ်လေးပါးမှ လွတ်မြောက်ပြီးပါပြီ။ အာနန္ဒာရိယ

http://www.dhammadownload.com



ကံငါးပါးနဲ့ ဗုဒ္ဓမှတစ်ပါး အခြားဆရာညွှန်ပြမှုကို ပြုခြင်း ဌာ မထိုက်။ ဒီသောတာပန်သံဃာဟာလည်း ပုထုဇဉ် တို့ထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေး ရန်ကင်းပါစေ။

* သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ၊
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဌပါဠိ၊ ၆)

* * * *

http://www.dhammadownload.com



## သောတာပန်သံဃာဂုဏ်နဲ့ သစ္စာဆိုပုံ

အဲဒီသောတာပန်ပုဂ္ဂိုလ်ဟာ မကောင်းမှုကို ကိုယ် နှုတ် စိတ်နဲ့ ပြုလုပ်စေဦးတော့ အဲဒီမကောင်းမှုကို ဖုံးကွယ်ထားခြင်းငှာ မထိုက်။ သောတာပန်မှာ ဖုံးမထားထိုက်ကြောင်းကို ဘုရားရှင် ဟောထားပါတယ်။ ဒီသောတာပန်သံဃာဟာလည်း ပုထုဇဉ်တို့ထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

* ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ခုဒ္ဒကပါဌပါဠိ၊ ၆)

* * * *

http://www.dhammadownload.com



# ဘုရားဂုဏ်နဲ့ သစ္စာဆိုပုံ

နွေလေးလထဲက နွေဦးတန်ခူးလမှာ ပင်လုံးကျွတ် ပွင့်တဲ့ အဖျားရှိတဲ့ တောကြီးမြိုင်လယ်က သစ်ပင် အပေါင်းဟာ ကျက်သရေရှိသလို ဘုရားရှင်က အဲဒီ တောအုပ်ကြီးသဖွယ် တင့်တယ် နက်နဲလှတဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားမြတ်ကို အမြတ်ဆုံး စီးပွား အလို့ငှာ ဟောတော်မူထားပါတယ်။ အဲဒီတောအုပ်ကြီး သဖွယ် တင့်တယ်အောင် တရားမျိုးစုံကို ဟောထားတဲ့ ဘုရားရှင်ဟာလည်း ပုထုဇဉ်, အရိယာတွေထက် သာ လွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာ စကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

* ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ (ခုဒ္ဒပါဌ်၊၇)

http://www.dhammadownload.com



ဘုရားရှင်ဟာ စိတ်ဓာတ်မြင့်မြတ်သူတွေရဲ့ အတောင့်တခံရကယ်။ နိဗ္ဗာန်ကို သိတော်မူတယ်။ အမြတ်တရားကို ပေးတော်မူတယ်။ မဂ္ဂင်လမ်းစဉ်မြတ်ကို ဆောင်ပြတော်မူတယ်။ လောကုတ္တရာဂုဏ်အရာမှာ အသာမရှိ၊ အတူမရှိ။ အဲဒီဘုရားရှင်ဟာ တရားမြတ်ကို ဟောတော်မူပါတယ်။ ဒီဘုရားဟာလည်း ပုထုဇဉ်, အရိယာတွေထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

* ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(ခုဒ္ဒကပါဌပါဠိ၊ ၇)

* * * *

http://www.dhammadownload.com



# သံဃဂုဏ်နဲ့ သစ္စာဆိုပုံ

ရဟန္တာတွေမှာ ကံဟောင်း ကုန်ပြီ၊ ကံသစ်လည်း နောင်အခါ အကျိုးမပေးတော့၊ နောင်ဘဝမှာ သာယာစိတ် မရှိတော့။ ပဋိသန္ဓေမျိုးစေ့ ကုန်ခန်းသွားပြီး ဘဝစည်ပင်လိုတဲ့ဆန္ဒ မရှိတော့။ ဒီဆီမီး ငြိမ်သလို ငြိမ်းကြပြီ။

ဒီရဟန္တာသံဃာဟာလည်း အရိယာတွေထက် သာလွန်တဲ့ ရတနာတစ်ဆူ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ကင်းပါစေ။

* ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ခုဒ္ဒကပါဌပါဠိ၊ ၇)

http://www.dhammadownload.com



ဝေသာလီမြို့မှာ ကျရောက်နေတဲ့ အစားအစာ ရှားပါးတဲ့ ဘေး၊ ဘီလူးဘေး၊ ရောဂါဘေးတွေ ကင်း ပျောက်ပါတယ်။ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် တွေလည်း တရားထူးတွေကို ထိုးထွင်းသိသွားကြပါ တယ်။ (ဓမ္မပဒ၊ ဌ၊ ဒု၊ ၂၇၀)

သာမထေရကျော်
ဝါခေါင်လပြည့်ကျော် (၁၂)ရက်၊ ၆၄–ခု။
(၄–၉–၂၀၀၂)